ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့၊ (10-5-2004) (၄၂၂၉)

ယနေ့ထုတ်စောင်ရေ ၁၉၆၉၇၂

ကတညုတာ တေံ မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော် အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်နှင့် ရတနာပစ္စည်းများကို ပင့်ဆောင်၍ အာနန္ဒာဘုရားကြီး အား လက်ယာရစ် လှည့်လည် ပူဇော်ကြစဉ်။ (သတင်းစဉ်)

ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော် အသစ်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညိုပြီး စိန်ဖူးတော် တင်လှူပူဇော်

ရန်ကုန် မေ ၉

မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံ–ညောင်ဦးရှိ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို မေ ၈ရက် နံနက် ၉နာရီတွင် အာနန္ဒာဘုရားကြီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး စိန်ဖူးတော်ကို တင်လှူပူဇော်ပေးကြသည်။

တက်ရောက်ကြည်ညို

စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ညောင်ဦးမြို့ ဂူကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရနှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

မိတ္ထီလာလှောင်ပြင်နှင့် ပခုက္ကူလှောင်ပြင်တို့၌ စိုက်ပျိုးရေ သေချာရေး ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ပြည်သူများ လူနေမှုဘဝမြင့်မားရေး မြစ်ငယ်မြစ်၊ ဇော်ဂျီမြစ်နှင့် ချင်းတွင်းမြစ်ရေများ တိုးချဲ့ပေးနိုင်ရန်ဆောင်ရွက်

ရန်ကုန် မေ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✯

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များ ကျောက်ဆည်မြို့နယ် ရွာသာယာ မြစ်ရေတင်စခန်းတွင် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၅-၂၀၀၄
(တနင်္လာနေ့)

တည်ငြိမ်အေးချမ်းသာယာမှု ဝိုင်းဝန်းထိန်းသိမ်း ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်နှင့်တိုင်းများအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ ပြည်နယ်နှင့်တိုင်းများတွင် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ ရရှိဖြစ်ထွန်းလျက်ရှိရာ ယင်းအခြေခံကောင်းများကို အခြေပြု၍ ပြည်နယ်နှင့်တိုင်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဖော်ဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် မေလ ၅ ရက်နေ့က ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး သက်ဆိုင်ရာတို့အား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကယားပြည်နယ် ခရီးစဉ်အတွင်း လွိုင်ကော်မြို့–မြို့တော်ခန်းမ၌ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် **ကယားပြည်နယ်တွင် ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် တာဝန်ကျသည့် ကယားပြည်နယ်ကို မိမိရပ်ရွာဒေသကဲ့သို့ သဘောထား၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအားလည်း မိမိ၏ မိဘဆွေမျိုးကဲ့သို့ သဘောထား၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း** မှာကြားခဲ့သည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ရင်းနှီးချစ်ကြည်စွာ ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ထို့အတူ ကယားပြည်နယ်အတွင်း၌လည်း ကယား၊ ဗမာ၊ ပအိုဝ်း၊ ရှမ်း စသည့် တိုင်းရင်းသား လူမျိုးစုများဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိရာ တိုင်းရင်းသားညီအစ်ကိုများအကြား ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထွန်းကား ခိုင်မြဲနေရန် စည်းရုံးဖော်ဆောင်ကြရမည်ဖြစ်သည်။

တိုင်းရင်းသားညီအစ်ကိုများ၏ ခိုင်မာသော စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဒေသတည်ငြိမ်အေးချမ်းသာယာရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာမှု ရှိလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ကယားပြည်နယ်အတွင်း စိုက်ပျိုးမြေ တိုးချဲ့ခြင်း၊ စိုက်ပျိုးရေရရှိရေး စီမံဖြည့်ဆည်းပေးခြင်းတို့ကြောင့် ပြည်နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လျက်ရှိသည်။

ကယားပြည်နယ်တွင် ယခင်ကာလက အသားတင် စိုက်ပျိုးမြေဧက ၈၅၀၀၀ ကျော်သာရှိခဲ့ရာမှ ယခုအခါ ဧက ၁၄၀၀၀၀ ခန့်အထိ တိုးတက်လျက်ရှိသည်။ တစ်နှစ်ပတ်လုံး သီးနှံစုံစိုက်ပျိုးနိုင်သည့် ဧရိယာမှာ ဧကနှစ်သိန်းအထိရှိကြောင်း သိရသည်။

ပြည်နယ်အတွင်း နေထိုင်လျက်ရှိသော လူဦးရေနှင့် တည်ရှိနေသည့် မြေသယံဇာတ အခြေအနေကိုကြည့်ပါက စိုက်ပျိုးမြေ တိုးချဲ့ဆောင်ရွက်နိုင်သည့် အလားအလာကောင်းများရှိနေသည်ကို တွေ့ရသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ဒေသနှင့်ကိုက်ညီသည့် သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက မိမိတို့ဒေသတွင် ဖြစ်ထွန်းလျက်ရှိသည့် တည်ငြိမ်အေးချမ်းသာယာမှုများကို ဆက်လက် ဝိုင်းဝန်းထိန်းသိမ်းကြရင်း မိမိတို့ရပ်ရွာဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မေ ၈ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာ အခမ်းအနားတွင် စိန်ဖူးတော်ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြစဉ်။
(သတင်းရှေ့ဖုံး) (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကြီးအတွက် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)က အလှူငွေကျပ် ၅၀၀၀၀ ကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်း စည်းဝေး

ရန်ကုန် မေ ၉

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင်သဘာပတိအဖြစ် အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက် အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်း ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကြီးအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌကိုယ်စား ဦးဘိုသိန်း (တောင်တွင်း–ဘိုသိန်း)က အလှူငွေကျပ် ၅၀၀၀၀နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်ခင်စိန် (ယုဝတီခင်စိန်လှိုင်)က အလှူငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သဘာပတိက တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အပြီးသတ် ကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ(၁၁)ရက်မှ(၁၃)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၉)ဖြန့်ချိ

ရန်ကုန် မေ ၉

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၉)ကို ယနေ့ တနင်္လာနေ့မှစ၍ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက် ဆောင်ပုဒ်ဖြင့် ရေးသားထုတ်ဝေလျက်ရှိသော နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ်တွင် အီရတ်အကျဉ်းသားများအပေါ် အမေရိကန်၏ ရက်စက်ယုတ်မာသော ညှဉ်းပန်းနှိပ်စက်မှုများ၊ ဆလိုဗေးနီးယားနိုင်ငံအကြောင်း သိကောင်းစရာ၊ ကာလီဖိုးနီးယားတောမီး၊ နီပေါဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်၊ အိုစမာဘင်လာဒင်၏ ဆုတော်ငွေ၊ မဒရစ်ဗုံးခွဲတိုက်ခိုက်မှု၊ ဘာဆာရာမြို့တိုက်ပွဲ၊ အီရတ်အကျဉ်းသားများနှိပ်စက်ခံရမှု တူရကီဝေဖန်၊ အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ရေး သဘောကွဲ၊ ကွန်ဗျူတာဗိုင်းရပ်စ်ပိုးအသစ်၊ မိခင်နို့တိုက်ကျွေးခြင်းနှင့် အဝလွန်မှုဆက်စပ်၊ ၂၀၀၃ခုနှစ် အမေရိကန်ပြည်ထောင်စု၏ လူ့အခွင့်အရေးများဆိုင်ရာမှတ်တမ်း၊ ဖိလစ်ပိုင်ကူးတို့သင်္ဘောမြုပ်မှုနှင့် အကြမ်းဖက်မှုလက်သည်၊ နိုင်ငံတကာဟာသ၊ ဒင်ဘင်ဖူးတိုက်ပွဲဆင်နွှဲမှု နှစ် ၅၀ပြည့်၊ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ အဆိုးရွားဆုံးအခြေအနေနှင့် ရင်ဆိုင်ရန်အသင့်၊ ဂျပန်ကားကုမ္ပဏီပြစ်ချက်များကို ဖုံးဖိထား၊ အီရတ်တပ်ဖွဲ့ ဖော်လူဂျာမြို့တွင်းသို့ဝင်ရောက်၊ ကုလသမဂ္ဂရုံးချုပ်လုံခြုံရေး၊ ဒုတိယမြောက် သမ္မတရာထူးသက်တမ်းအတွက် ရုရှားသမ္မတပူတင် ကျမ်းသစ္စာကျိန်ဆိုစသည့်သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

အီရတ်နိုင်ငံတစ်ဝန်းတွင် တွန်းလှန်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

နာဂျက်ဖ်(အီရတ်) မေ ၇

အမေရိကန်တပ်ဖွဲ့ဝင်များသည် ရှီးယိုက်ခေါင်းဆောင်အယ်လ်ဆာဒါး၏ နောက်လိုက်များအား တိုက်ခိုက်ခဲ့ရာ လူဒါဇင်နှင့်ချီ၍သေဆုံးခဲ့ပြီး နာဂျက်ဖ်မြို့ရှိ အုပ်ချုပ်ရေးမှူးရုံးကို အကာအကွယ်ပေးခဲ့သည်။

အသေခံ ကားဗုံးဖောက်ခွဲမှုတစ်ခုလည်း ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များ၏ ဌာနချုပ် အပြင်ဘက်တွင်ဖြစ်ပွားရာ အီရတ်နိုင်ငံသား ခြောက်ဦး သေဆုံးသွားသည်။ ယင်းသို့ဖြင့် တွန်းလှန်တိုက်ခိုက်မှုသည် အီရတ်နိုင်ငံတစ်ဝန်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ထိုးစစ်ဆင်

အမေရိကန် အပေါင်းပါတပ်များက ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါး၏ မီဒီပြည်သူ့စစ်လက်နက်ကိုင်များအား သုံးရက်ကြာ ဆက်လက်ထိုးစစ်ဆင်နေစဉ် ကူဖာ၊နာဂျက်ဖ်၊ ဒီဝမ်နီယာနှင့် ကာဘာလာမြို့များတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည်။

ထောင်ပေါင်းများစွာသော ဆာဒါး၏ မီဒီပြည်သူ့စစ်များသည် လွန်ခဲ့သည့်တစ်လက အပြင်းအထန် တွန်းလှန်တိုက်ခိုက်ကြပြီးနောက် နာဂျက်ဖ်ရှိ အုပ်ချုပ်ရေးမှူးရုံးကို အပေါင်းပါ တပ်ဖွဲ့များ၏ တင့်ကားများက တစ်ဖက်တစ်ချက်မှ ဝိုင်းရံကာကွယ်ထားရသည်။

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ် ဘရီမာက အယ်လ်ဇော်ဖီကို နာဂျက်ဖ်အုပ်ချုပ်ရေးမှူးအဖြစ် ခန့်ထားပြီး တစ်နာရီအတွင်း ဖော်ပြပါဖြစ်ရပ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အဆက်အသွယ်ရရှိ

မိမိတို့အနေဖြင့် တွန်းလှန်တိုက်ခိုက်သူများ၏ နယ်မြေများတွင် ယခုအခါထိုး စစ်ဆင်နွှဲနေကြောင်း၊ ဘက်ပေါင်းစုံနှင့် မိမိတို့ အဆက်အသွယ်ရရှိနေကြောင်း၊ အမေရိကန် ဒုတိယ ဗိုလ်မှူးကြီး ပစ်ဝိုက်က စီအင်န်အင်န်သတင်းဌာနသို့ ပြောကြား သည်။

ပေါက်ကွဲသံများ ကြားရသဖြင့် နာဂျက်ဖ်မြို့ဝိုင်းထားသည့်တင့်ကားများ၊ သံချပ်ကာကားများနှင့် တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့လယ်သို့ ရွှေ့ပြောင်းသွားခဲ့ကြသည်။

အင်တာနက်။

မေ ၅ ရက်က ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ အဘူဂါရိပ် အကျဉ်းထောင် အပြင်ဘက်တွင် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်အင်ဂျင်နီယာတစ်ဦး အီရတ်၌ ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် မေ ၇

အီရတ်၌ အမေရိကန် စစ်ဌာနချုပ်အတွက် အလုပ်လုပ်နေသော အမေရိကန် အင်ဂျင်နီယာတစ်ဦး ပြန်ပေးဆွဲခံရမှုကို ရိုက်ကူးပြသသည့်ဗီဒီယိုခွေကို အာရပ်ရုပ်မြင်သံကြားဌာနတစ်ခုဖြစ်သောအယ်အာရေဘီးယားက ထုတ်လွှင့်လိုက်ပြီး ယင်းဗီဒီယိုခွေကို မေ ၃ ရက် က ပြန်ပေးဆွဲသည့် အမျိုးသားရေး စိတ်ဓာတ်ပြင်းပြသူများတပ်ဖွဲ့ဆိုသည့် တပ်ဖွဲ့ထံမှ ဗီဒီယိုတိပ်ခွေရယူခဲ့ခြင်းဖြစ်ကြောင်းကြေညာသည်။

မေတ္တာရပ်ခံ

အမေရိကန်အင်ဂျင်နီယာသည် အာရပ်ခေါင်းစည်းပဝါတစ်ထည်ဖြင့် မျက်နှာကို စည်းနှောင်ခံရပြီး စကားပြောခွင့်ရရှိသောအခါ သူသည် အမေရိကန်နိုင်ငံ ကိုလိုရာဒိုပြည်နယ် ဒင်ဗာမှဘာလန်အဲလီယပ်ဖြစ်ကြောင်း၊ အမေရိကန် စစ်ဌာနချုပ်အတွက် အလုပ်လုပ်ကိုင်ပေးနေကြောင်း၊ ယခုအခါ ပြန်ပေးဆွဲခံရသဖြင့် သူ လွတ်မြောက်ရေးအတွက် ဘာသာရေးအဖွဲ့အစည်းများက ကြားဝင်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံကြောင်း ပြောကြားလိုက်သည်။

အီရတ်တွင် မကြာသေးမီအချိန်အတွင်းအနောက်တိုင်းသား ဒါဇင်နှင့်ချီ၍ ပြန်ပေးဆွဲခံရသည်။ အချို့ကို ပြန်လွှတ်လိုက်ပြီး အချို့ကိုပြန်ပေးဆွဲသူများက သတ်ပစ်လိုက်သည်ဟု သိရသည်။

အင်တာနက်။

အီရတ်အစိုးရသို့ အုပ်ချုပ်ရေးအာဏာ အကန့်အသတ်ဖြင့် လွှဲပြောင်းပေးမည့်ကိစ္စကို ရုရှားဆန့်ကျင်

မော်စကို မေ ၇

ဇွန် ၃၀ ရက်တွင် အီရတ်အစိုးရထံသို့ အုပ်ချုပ်ရေးအာဏာကို အကန့်အသတ်ဖြင့် လွှဲပြောင်းပေးအပ်ရန် အမေရိကန်၏ အဆိုပြုချက်ကို ရုရှားက ဆန့်ကျင်ကြောင်း ရုရှားဝါရင့်သံတမန်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်ပြီး ယင်းအစီအစဉ်သည် အချုပ်အခြာအာဏာ အပြည့်အဝရရှိရေး အီရတ်ပြည်သူတို့၏ မျှော်လင့်ချက်ကို ပျက်ပြားရာရောက်စေပြီး အီရတ်၌ တင်းမာမှုကို တိုးပွားစေနိုင်ကြောင်း ၎င်းက သတိပေးလိုက်သည်။

မျှော်လင့်ထား

အီရတ်ပြည်သူများသည် ဇွန် ၃၀ ရက်နောက်ပိုင်းတွင် အချုပ်အခြာအာဏာ အပြည့်အဝ လွှဲပြောင်းရရှိလိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ အကယ်၍ ယင်းသို့ မဖြစ်လာလျှင် ၎င်းတို့၏ မျှော်လင့်ချက်များသည် ပျက်ပြားသွားနိုင်ပြီး အီရတ်၌ နောက်ထပ် တင်းမာမှုကိုဖြစ်စေနိုင်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်က ပြောကြားကြောင်း အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

အီရတ်အစိုးရထံသို့ အချုပ်အခြာအာဏာ အကန့်အသတ်၊ အထူးသဖြင့် လုံခြုံရေးကိစ္စများတွင် အကန့်အသတ်ဖြင့်သာ ပေးမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက စောစောပိုင်းတွင် ပြောကြားခဲ့သည်။

အတည်ပြုခဲ့

အာရပ်နိုင်ငံအားလုံးပါဝင်ပြီး အီရတ်နိုင်ငံမှ အချုပ်အခြာအာဏာလွှဲပြောင်းမှု တရားဝင်ဖြစ်စေရေးအတွက် အီရတ်နိုင်ငံဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ၏ အရေးပါမှုကို အမေရိကန်နှင့် ကုလသမဂ္ဂတို့က အတည်ပြုခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်တော့ဗ်က ပြောကြားခဲ့သည်ဟု အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှီးယိုက်နှင့်ဆွန်နီများ စည်းလုံးညီညွတ်မှုကိုပြသ

ဘဂ္ဂဒက် မေ ၈

ရှီးယိုက်ခေါင်းဆောင်အယ်ဆာဒါးအား ထောက်ခံသူထောင်ပေါင်းများစွာတို့သည် အီရတ်နိုင်ငံတစ်ဝန်းရှိဆွန်နီတို့အထွတ်အမြတ်ထားနေရာများသို့ သောကြာနေ့က သွားရောက်ကြသည်။ ယင်းမှာ အီရတ်နိုင်ငံအား ကျူးကျော်သူ အမေရိကန်နှင့် အပေါင်းပါတို့ကို ရင်ဆိုင်နေရသည့်ကြားမှပင်အချင်းချင်းစည်းလုံးညီညွတ်ကြောင်းပြသည့် လက္ခဏာဖြစ်သည်ဟု ဒေသခံခေါင်းဆောင်များက ပြောဆိုသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ဖော်လူဂျာမြို့ကိုဝိုင်းထားကာတောင်ပိုင်းရှိ နာဂျက်ဖ်နှင့် ကာဘာလာမြို့များ အတွင်းတွင် အယ်ဆာဒါး၏နောက်လိုက်များနှင့် ရင်ဆိုင်နေရပြီးနောက်ပိုင်း အချင်းချင်း စည်းလုံးညီညွတ်နေမှုကို ပြသလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ် အကျဉ်းသားများအား အမေရိကန် တပ်ဖွဲ့ဝင်များက ညှဉ်းပန်း နှိပ်စက်နေမှုကို တူရကီနိုင်ငံ၌ မေ ၅ ရက်က ဆန္ဒပြကန့်ကွက်ကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများကို ညှဉ်းပန်းမှု စွဲချက် ဗြိတိန်တပ်ဖွဲ့ဝင်များ ရင်ဆိုင်နေရ

လန်ဒန် မေ ၇

ရိုက်နှက်ညှဉ်းပန်းသည်ကို သူကိုယ်တိုင် တွေ့မြင်ရသည်ဟု အစစ်ခံသည့် ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး၏ သက်သေခံထွက်ဆိုချက်ကို ဗြိတိန်နိုင်ငံ ဒေးလီးမေရာသတင်းစာက သောကြာနေ့တွင် ဖော်ပြပြီးနောက် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက အီရတ် ၌ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည်ဆိုသည့် တိုင်ကြားချက်သစ်များကို စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။

အဆိုပါ ဗြိတိန်တပ်ဖွဲ့ဝင်က ညှဉ်းပန်းနှိပ်စက်မှုတွင် ပါဝင်သည့် တပ်ဖွဲ့ဝင်များ၏အမည်နှင့် ရာထူးအဆင့်အတန်း အပါအဝင် အသေးစိတ်အချက်အလက်များကို စစ်ရဲများအား ပြောပြနိုင်သည်ဟု သတင်းစာကရေးသားဖော်ပြထားသည်။

ဖမ်းထားသူများကို လက်သီးနှင့်ထိုး၊ ခြေထောက်နှင့်ကန်သည့် ရိုက်နက်မှု လေးကြိမ် သူတွေ့ခဲ့ရသည်ဟုလည်း အဆိုပါ တပ်ဖွဲ့ဝင်က သတင်းစာကို ပြောပြသည်။

ဖမ်းဆီးခံရသူများမှာ ဒူးထောက်နေရပြီး လက်လည်းမြှောက်ထားရကြောင်း၊ လက်ချလိုက်သည်နှင့် အကန်ခံရ၍ လက်ပြန်မြှောက်ထားရကြောင်း၊ တစ်ကြိမ်တွင်မူ ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦးက မျက်နှာပေါ် သဲအိတ်တင်ထားသော အကျဉ်းသားတစ်ဦးဆီသို့ ရောက်လာပြီးနောက် အကျဉ်းသား၏ မျက်တွင်းထဲသို့ သူ့လက်ထိုးသွင်းလိုက်ရာ နာကျင်သဖြင့် စူးစူးဝါးဝါးအော်ဟစ်သည်ကိုကြားရကြောင်း အဆိုပါ ဗြိတိန်တပ်ဖွဲ့ဝင်က ပြောပြသည်။

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက စုံစမ်းနေပြီဟုကြေညာသည်။ အီရတ်စစ်ပွဲကို ဆန့်ကျင်သည့် ဒေးလီမေရာ သတင်းစာက ခေါင်းစွပ်စွပ်ထားသည့် အကျဉ်းသားတစ်ဦး၏ ဦးခေါင်းပေါ်သို့ ဗြိတိန်တပ်ဖွဲ့ဝင်များက ကျင်ငယ်စွန့်ကာ သေနတ်ဒင်ဖြင့် ရိုက်ဟန်ရှိသည့် ဓာတ်ပုံများကို လွန်ခဲ့သည့်ရက်သတ္တပတ်က ဖော်ပြခဲ့သည်။ *အင်တာနက်။*

နိုင်ငံတကာ သတင်းများ

မေ ၇ ရက်က ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိပ် အကျဉ်းထောင် အဝင်ဝတွင် အကျဉ်းသားများ လွှတ်ပေးရန် တောင်းဆိုဆန္ဒပြနေသည့် အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အစည်းအဝေးကျင်းပရန် ရုရှားသမ္မတ တောင်းဆို

မော်စကို မေ ၈

အီရတ်နိုင်ငံကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကုလသမဂ္ဂ အစည်းအဝေးတစ်ရပ် ခေါ်ယူရေးအတွက် ရုရှားသမ္မတ ဗလာဒီမာပူတင်က တောင်းဆိုကြောင်း ရုရှားသမ္မတရုံး သတင်းထုတ်ပြန်ရေးဌာနက ဖော်ပြခဲ့သည်။

ရုရှားသမ္မတ ပူတင်က မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အဗ္ဗဒူလာ ဘင်အာမက်ဘာဒါဝီထံ ပေးပို့ခဲ့သည့် သဝဏ်လွှာတွင် အီရတ်နိုင်ငံ၌ ဒီမိုကရေစီ ထွန်းကားရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာနယ်မြေတည်တံ့ခိုင်မြဲရေးများ ဖြစ်ထွန်းတည်ရှိရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက ကူညီပံ့ပိုးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဖြေရှင်းသင့်

အထက်ဖော်ပြပါ ရည်မှန်းချက်များ ပြည့်မြောက်စေရန်အတွက် အာဖဂန်နိုင်ငံကိစ္စ ဖြေရှင်းစဉ်က ကျင့်သုံးခဲ့ပုံကို နမူနာယူပြီး ကုလသမဂ္ဂအဖွဲ့၏ ကြီးကြပ်မှုဖြင့် အစည်းအဝေးတစ်ရပ် ခေါ်ယူဖြေရှင်းသင့်သည်ဟု ပူတင်က ယူဆကြောင်း ရေးသားထားသည်။

ထိုအစည်းအဝေးသို့ အီရတ်နိုင်ငံရှိ နိုင်ငံရေး အဖွဲ့အစည်းအားလုံး၊ အိမ်နီးနားချင်း နိုင်ငံများကို ကိုယ်စားပြုသော ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်များ အားလုံး ပါဝင်တက်ရောက်သင့်ကြောင်း အကြံပြုထားသည်။ ထိုသို့အစည်းအဝေး ကျင်းပခြင်းအားဖြင့် အီရတ်နိုင်ငံတွင် အရှည်သဖြင့် တည်တံ့နိုင်သော ငြိမ်းချမ်းရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ် ချမှတ်နိုင်မည်ဟုလည်း သဝဏ်လွှာတွင် ပါရှိသည်။

အထက်ပါအတိုင်း ဆောင်ရွက်မှသာလျှင် အီရတ်နိုင်ငံအတွက် အပြုသဘောဆောင်ပြီး ကြာရှည်လေးမြင့်စွာ တည်တံ့နိုင်မည့် ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်ဟု ဆက်လက်ရေးသားထားသည်။

လတ်တလော အခြေအနေတွင် အီရတ်အရေး၌ ကုလသမဂ္ဂ ပါဝင်ဆောင်ရွက်နေသော နိုင်ငံရေးအခန်းကဏ္ဍနှင့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဘရာဟီမီ၏ လုပ်ဆောင်ချက်များကို ရုရှားသမ္မတ ပူတင်က ချီးကျူးဖော်ပြခဲ့ကြောင်းလည်း သိရသည်။

လုပ်ဆောင်နိုင်မည်

မည်သို့ပင်ဆိုစေကာမူ ကုလသမဂ္ဂအဖွဲ့သည် အီရတ်နိုင်ငံကိစ္စနှင့် ပတ်သက်လာလျှင် ဇွန်လ ၃၀ ရက်နောက်ပိုင်းကျမှသာ အပြည့်အဝပါဝင်လုပ်ဆောင်နိုင်မည် ဖြစ်ပေသည်။ ထိုနေ့နောက်ပိုင်းတွင် သိမ်းပိုက်ထားချိန် ကာလများ အဆုံးသတ်သွားမည်ဖြစ်သည့်အပြင် အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍသစ်ကိုလည်း စတင်မည်ဖြစ်ကြောင်း ပူတင်က ဆိုသည်။

ရုရှားနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သည့်အပြင် ထိုနိုင်ငံသည် အမေရိကန် ဦးဆောင်ကာ ဆင်နွှဲသော အီရတ်စစ်ပွဲကိုလည်း လုံးဝဆန့်ကျင်သော နိုင်ငံလည်းဖြစ်သည်။

ယခုအခါ အမေရိကန်တို့ အနေဖြင့် အီရတ်ပြည်သူများထံ အချုပ်အခြာ အာဏာကို လျင်မြန်စွာ လွှဲပြောင်းပေးပြီး ကုလသမဂ္ဂသည်လည်း စစ်ပြီးကာလ အီရတ်နိုင်ငံ ကိစ္စများတွင် အရေးပါသော နေရာမှနေ၍ ပါဝင်သင့်သည်ဟု ကျိုးကြောင်းဆက်စပ် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပိုလန်တစ်ဦးနှင့် အယ်ဂျီးရီးယား သတင်းစာဆရာတစ်ဦး ဘဂ္ဂဒက်တောင်ပိုင်း၌ တိုက်ခိုက်ခံရ၍ သေဆုံးဟု ပြောကြား

ဝါဆော မေ ၈

အီရတ်နိုင်ငံ အလယ်ပိုင်းဒေသတွင် ပိုလန်နိုင်ငံသားတစ်ဦးနှင့် အယ်ဂျီးရီးယား သတင်းစာဆရာတစ်ဦးတို့ ပစ်သတ်ခံရပြီး အခြားပိုလန်သတင်း ထောက်တစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပိုလန်နိုင်ငံသားတစ်ဦး အပါအဝင် လူနှစ်ဦး ဘဂ္ဂဒက်တောင်ပိုင်း မိုင်၂၀ အကွာရှိ လာတီဖီရာဒေသ အနီးတွင် သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း အီရတ်ရှိ ပိုလန်သံရုံးက အတည်ပြု ပြောကြားသည်။

တိုက်ခိုက်ခံရ

မိမိတို့ရရှိသည့် သတင်းအရ ဘဂ္ဂဒက် တောင်ပိုင်းဒေသတွင် ယခုနံနက်ပိုင်းက မော်တော်ကားတစ်စီး အတိုက်ခိုက်ခံခဲ့ရကြောင်း၊ ယင်းကားသည် အစိုးရ ရုပ်မြင်သံကြားဌာနမှ သတင်းအဖွဲ့ကို သယ်ဆောင်လာသည့်ကားဖြစ်ကြောင်း ပိုလန်သံရုံး တာဝန်ခံ တိုမတ်စ်ဂျီယယ်ဂျီစကီးက ပြောကြားသည်။

နှစ်ဦးသေဆုံး

ပိုလန်နိုင်ငံသားတစ်ဦး အပါအဝင် လူနှစ်ဦး သေဆုံးပြီး အခြားပိုလန်နိုင်ငံသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တီဗွီပီ ၂၄ ပုဂ္ဂလိက ရုပ်မြင်သံကြားဌာနသို့ ၎င်းက ပြောကြားသည်။

အလုပ်လုပ်

ရုပ်မြင်သံကြားကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသော အယ်ဂျီးရီးယားနိုင်ငံသားတစ်ဦး သေဆုံးကြောင်းဖြင့် တီဗွီပီ ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

ကြိုးပမ်းနေ

အမေရိကန် တပ်ဖွဲ့ဝင်များက ဒဏ်ရာရရှိသူ ပိုလန်နိုင်ငံသားတစ်ဦးအား ဆေးရုံသို့ ပို့ဆောင်လိုက်ကြောင်း မိမိတို့သိရှိရပြီး စစ်ဘက်ဆက်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် ရရှိသည့် အချက်အလက်များကို စိစစ်ရန် ကြိုးပမ်းနေကြောင်း၊ မာမူဒီယာဆေးရုံသို့ ရောက်နိုင်ရန်လည်း မိမိတို့ ကြိုးပမ်းနေကြောင်း ဂျီယယ်ဂျီစကီးက ပြောကြားသည်။

အင်တာနက်။

အီရတ်အကျဉ်းသားများအား ယုတ်မာရက်စက်စွာ ညှဉ်းပန်းမှု ဘင်္ဂလားဒေ့ရှ် အစိုးရကပြင်းပြင်းထန်ထန် ရှုတ်ချ

ဒါကာ မေ ၈

အီရတ်နိုင်ငံရှိ အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်အချို့၏ လူမဆန်ရက်စက်မှုမှ သာယာမှုရယူသော နှိပ်စက်ညှဉ်းပန်းမှုကို ဘင်္ဂလားဒေ့ရှ်အစိုးရက ကြာသပတေးနေ့တွင် ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ကြောင်း ဘင်္ဂလားဒေ့ရှ်သတင်းဌာနက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မိုရှန်ခန်၏ ပြတ်ပြတ်သားသား ပြောကြားချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် တစ်ရပ်တွင် ဖော်ပြထားသည်။ အကျဉ်းထောင်အတွင်း အီရတ်အကျဉ်းသားများအား နှိပ်စက်မှုသည် လူ့သိက္ခာ၊ လူ့အခွင့်အရေးကို အလွန်ဆိုးရွားစွာ ဖောက်ဖျက်မှုဖြစ်ပြီး လူ့သဘောသဘာဝအားလုံးအား လုံးဝဥပေက္ခာပြုလိုက်ခြင်းဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ် အစိုးရက ယုံကြည်ပြီး ယင်းလုပ်ရပ်သည် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ယင်းကိစ္စအတွက် သင့်တင့်လျောက်ပတ်ကာ ထင်သာမြင်သာရှိသည့် စုံစမ်းစစ်ဆေးမှုကို အမြန်ဆောင်ရွက်သင့်ပြီး ယုတ်မာရက်စက်သော ယင်းလုပ်ရပ်များနှင့် ပတ်သက်၍ တာဝန်ရှိသည့် ပုဂ္ဂိုလ်များအား ဖမ်းဆီးရုံးတင် စစ်ဆေးမည်ဟု ဘင်္ဂလားဒေ့ရှ် အစိုးရက မျှော်လင့်ထားကြောင်း ပြောကြားသည်။

သက်ဆိုင်ရာ အာဏာပိုင်များ အနေဖြင့် ယင်းကဲ့သို့သော ရာဇဝတ်မှုမျိုးကို အီရတ်နိုင်ငံ သို့မဟုတ် အခြားမည်သည့်နေရာမျိုးမှ နောက်ထပ် မဖြစ်ပွားစေရန် သင့်လျော်သည့် အစီအစဉ်များ ချက်ချင်း ချမှတ်ရန်နှင့် အပြစ်မဲ့သည့် အီရတ်အကျဉ်းသားများအား မဆိုင်းမတွလွှတ်ပေးရန် ဘင်္ဂလားဒေ့ရှ် အစိုးရက တိုက်တွန်းကြောင်းဖြင့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ကန်တို့ အရှုံးနှင့် ရင်ဆိုင်ရဖွယ်ရှိ ဗီယက်နမ် ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂီရပ် သတိပေး

ဟနွိုင်း မေ ၈

အမေရိကန်နိုင်ငံ အနေဖြင့် အီရတ်တွင် အရှုံးနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း လွန်ခဲ့သည့် နှစ် ၅၀ က ဒီန်ဘင်ဖူးခံတပ်၌ ပြင်သစ်တပ်များအပေါ် ဗီယက်နမ်က အောင်ပွဲခံ အနိုင်ရအောင် ဦးစီးတိုက်ခိုက်ခဲ့သူ ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂီရပ်က သတိပေးလိုက်သည်။

ကျူးကျော်ဝင်ရောက်ခွင့်မရှိ

အီရတ်အရေးနှင့် ပတ်သက်၍ သူ့အမြင်ကို စီအင်န်အင်န်က တွေ့ဆုံမေးမြန်းစဉ် ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂီရပ်က ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံသည် လက်နက်များ မည်မျှ ခေတ်မီပါစေ၊ သို့မဟုတ် ထိုနိုင်ငံအနေဖြင့် ငွေကြေးချမ်းသာချင် ချမ်းသာပါစေ အခြားနိုင်ငံ တစ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခွင့်မရှိကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုသဘောထားအမြင်ကို လျစ်လျူရှုလျှင် အရှုံးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးဗိုငုယင်ဂီရပ်က သတိပေးလိုက်သည်။

အမြဲတမ်းအောင်ပွဲခံ

ထို့ပြင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်အောင် မည်သို့လုပ်ဆောင်ရမည်ကို သိရှိပြီး စုစုစည်းစည်း ရပ်တည်ခြင်းဖြင့် နိုင်ငံခြား ကျူးကျော်သူကို အမြဲတမ်းအောင်ပွဲခံ အနိုင်ရရှိမည်သာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂီရပ်သည် ဗီယက်နမ်မြောက်ပိုင်း ဒီန်ဘင်ဖူးခံတပ်မှ ပြင်သစ်တပ်များကို သမိုင်းဝင် ၅၅ ရက်ကြာ ဝိုင်းထားစဉ်က ဗီယက်နမ်ခေါင်းဆောင်ကြီး ဟိုချီမင်း၏ ဗီယက်မင်းတပ်မတော်ကို ဦးဆောင်ခဲ့သူဖြစ်သည်။

အင်တာနက်။

မေ ၅ ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသတွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှု မြင်တွေ့ခဲ့ရသည့် အမေရိကန်စစ်ရဲသုံးဦး ထုတ်ဖော်ဖွင့်ချ

အင်တီရော့ချ်(ကာလီဖိုးနီးယား)   မေ   ၈

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်တွင် အီရတ်အကျဉ်းသားများကို မလျော်မကန် ပြုကျင့်ညှဉ်းဆဲခဲ့သည်ဆိုသောကိစ္စများကို မိမိတို့မြင်ခဲ့ရသည်။ ထိုကိစ္စမှာ အီရတ်နိုင်ငံ နေရာတကာတွင်တွေ့ရှိသော ဖြစ်ရိုးဖြစ်စဉ်ကိစ္စမျိုးဖြစ်သည်ဟု အမေရိကန်စစ်ရဲသုံးဦးက ကြာသပတေးနေ့က ပြောကြားသည်။ ၎င်းစစ်ရဲသုံးဦးတို့သည် အဘူဂါရိပ်အကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အမေရိကန်သို့ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြသည်။

အီရတ်အကျဉ်းသားများကို နှိပ်စက်သည့်ကိစ္စမှာ မဆန်းတော့ပါ။ သူတို့အား ရိုက်နှက်သည်ကို တစ်ချိန်လုံးမြင်နေရပါသည်ဟု အသက် ၂၅နှစ်အရွယ်ရှိ တပ်ကြပ်ကြီး မိုက်ဆင်ဒါက ပြောပြသည်။ ၎င်းသည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ဒေသအခြေစိုက် အမှတ်(၈၇၀) စစ်ရဲတပ်ခွဲမှ ဖြစ်သည်။

အီရတ်တွင် တာဝန်ကျသည့် လူအများအပြားမှာ မျိုသိပ်ထားရသောဒေါသများရှိနေကြပြီး ရန်လိုနေကြသည်ဟု ဆင်ဒါနှင့် အခြားစစ်ရဲတစ်ဦးတို့က ရိုက်တာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ်တွင် ပြောပြခဲ့ကြသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက အဘူဂါရိပ် အကျဉ်းထောင်တွင် အကျဉ်းသားများကို အရှက်တကွဲဖြစ်စေရန် မဖွယ်မရာပြုနေသည့် အထောက်အထားဓာတ်ပုံများ ပြီးခဲ့သောသီတင်းပတ်က ကမ္ဘာအနှံ့ ပျံ့နှံ့သွားခဲ့သည်။ ထို့နောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံအများအပြားက ထိုလုပ်ရပ်ကို အကြီးအကျယ် ရှုတ်ချပြစ်တင်ခဲ့ကြသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးကို ရုံးတင်စစ်ဆေးလျက်ရှိပြီး အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်ကလည်း ကြာသပတေးနေ့တွင် လူသိရှင်ကြား ထုတ်ဖော်တောင်းပန်ခဲ့သည်ဟု ဆိုသည်။

လူအများသည် သတင်းဌာနများက ပြသသွားသောဓာတ်ပုံများပေါ်တွင်သာ အာရုံစိုက်ခဲ့ကြသည်။ အမှန်စင်စစ်မှာ ဓာတ်ပုံများတွင်ပါသူများကသာ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်မဟုတ်ဘဲ ရက်စက်ကြမ်းတမ်းစွာညှဉ်းဆဲသူ အများအပြားပင် ကျန်ရှိနေသေးကြောင်း အမှတ်(၈၇၀)စစ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ပြောပြကြသည်။

စစ်ရဲတပ်ဖွဲ့ဝင် ဆင်ဒါနှင့် ရာမွန်လီလ်တို့၏ အုပ်စုတွင်ပါဝင်သော အရာရှိတစ်ဦးမှာလည်း အကျဉ်းသားတစ်ဦးကို ဝိုင်းဝန်းရိုက်နှက်နှိပ်စက်ရာ၌ ပါဝင်မှုဖြင့် ပြင်းထန်စွာသတိပေးခြင်းခံခဲ့ရကြောင်း သိရသည်။ ထို့အပြင် အကျဉ်းသားများ၏ခေါင်းတွင် ခေါင်းစွပ်များစွပ်ထားစေပြီး ထိုခေါင်းစွပ်များပေါ်တွင် လူမျိုးရေးအရ စော်ကားထားသော စာတန်းများကို ရေးထိုးထားပြီး အရှက်ခွဲခဲ့ကြသည်များလည်းရှိသည်ဟုဆိုသည်။

လီလ်၏တပ်ဖွဲ့မှ အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးသည်အကျဉ်းသားများအတွင်း လောက်လေးခွနှင့် ပစ်ခတ်နှိပ်စက်သဖြင့် အကျဉ်းသားတစ်ဦး ဒဏ်ရာရခဲ့သည့်အဖြစ်မျိုးလည်း ကြုံခဲ့ရသည်ဟု ဆိုသည်။

အခြားတပ်ဖွဲ့ဝင် တစ်စုကလည်း အကျဉ်းထောင်သို့ရောက်လာသူ (၁၄)နှစ်သားအရွယ်ရှိ အကျဉ်းသားတစ်ဦးကို လဲကျသွားသည်အထိ ဝိုင်းဝန်းရိုက်နှက်ကြပြီးနောက် ၎င်း၏ လက်ကိုလည်း လိမ်ချိုးခဲ့ကြကြောင်း ဆင်ဒါနှင့် လီလ်တို့က ပြောပြကြသည်။ အခြားတပ်ဖွဲ့ဝင်များက ထိုသို့နှိပ်စက်နေသည့်အဖြစ်များကို ရယ်မောကြည့်ရှုနေခဲ့ကြသည်။ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ မကျေမနပ်ဖြစ်နေသော ဒေါသများကို အကျဉ်းသားများအပေါ်တွင် နှိပ်စက်ကလူပြုခြင်းဖြင့် ဖြေဖျောက်ကြခြင်း ဖြစ်လိမ့်မည်ဟု လီလ်က ဆိုသည်။

အဘူဂါရိပ်အကျဉ်းထောင်သို့ ရောက်လာသူ အကျဉ်းသားအချို့မှာလည်း အရိုးကျိုးပြီးမှ ရောက်လာကြသည်များလည်းရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ လမ်းတွင် ရက်စက်ကြမ်းတမ်းစွာ ပြုမှုဆက်ဆံခံလာခဲ့ရသည့် သဘောပင်ဖြစ်သည်ဟု ဆိုသည်။

၂၀၀၃ခုနှစ် ဆောင်းရာသီတွင် အကျဉ်းထောင်အတွင်း၌ ရန်းရင်းဆန်ခတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ထိုစဉ်က အကျဉ်းသားအချို့သည် အမှတ်(၈၇၀) စစ်ရဲတပ်ဖွဲ့၏ လက်ချက်ကြောင့် သေဆုံးခဲ့ရသည်။ ၎င်းအဓိကရုဏ်းတွင် သေဆုံးသွားသူ အီရတ်သုံးဦးတို့၏ အလောင်းများကို ကြည့်ရှုနေသော ဓာတ်ပုံများကို ရိုက်တာသတင်းဌာနက ရရှိခဲ့သည်။ ထိုပုံတွင် သွေးအလူးလူးဖြစ်နေသော မှတ်ဆိတ်နှင့် အကျဉ်းသား တစ်ဦးကို တွေ့ရသည်။

အီရတ်ရောက် အခြားစစ်ရဲများကလည်း ၎င်းတို့၏ အခြေအနေများကို ရိုက်တာသတင်းဌာနသို့ ပြောပြကြသည်။ အီရတ်တွင် မိမိတို့ အဆက်မပြတ် အတိုက်ခိုက်ခံနေကြရသည်။ ထောက်ပံ့ရေးမှာလည်း ဆိုးရွားလာပြီး မိမိတို့ ပြန်ရက်စေ့သော်လည်း မပြန်ရသေးဘဲ စစ်မြေပြင်၌နေရသောရက်ကို တိုးပြီးရင်းတိုးရင်း ဖြစ်နေပါသည်။ ထိုအချက်များက တပ်ဖွဲ့ဝင်များ၏စိတ်ကို ဖိစီးမှုဖြစ်စေဟန်ရှိပါသည်ဟုဆိုသည်။ ထိုကဲ့သို့သော တပ်ဖွဲ့ဝင်များ၏ အခြေအနေကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုရန်မှာ ခက်ခဲသောအနေအထား ရှိပေသည်။

အမေရိကန်စစ်ဘက်သည် အကျဉ်းသားများကို နှိပ်စက်ခြင်းရှိ၊ မရှိ စစ်ဆေးရန်လာသည့်အခါများတွင် သီတင်းတစ်ပတ်မျှ ကြိုတင်အကြောင်းကြားပြီးမှသာ လာရောက်စစ်ဆေးတတ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် စည်းကမ်းလျော့ရဲသည့် သဘောရှိပြီး မဟုတ်မဟတ်လုပ်သူများကိုလည်း ပစ္စည်းများကို ကွယ်ထားဝှက်ထားရန် အချိန်ရရှိစေကြောင်း အီရတ်စစ်ပြန်စစ်ရဲတို့က ပြောပြကြသည်။

အမ်အင်အေ၊ရိုက်တာ။

ကင်းလှည့်စောင့်ကြပ်

မေ ၆ရက်က အီရတ်နိုင်ငံ တောင်ပိုင်း ဆာမာဝါမြို့တွင် ကင်းလှည့် စောင့်ကြပ်နေသည့် ပိုလန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်တွင် ဒေါ်လာငွေတုလုပ်ရန်ကြံစည်မှုဖြင့် နိုင်ငံခြားသားနှစ်ဦး ထောင်ဒဏ်အပြစ်ပေးခံရ

ဟန္နိုင် မေ ၈

ဗီယက်နမ် ဟိုချီမင်းတရားရုံးက ဗုဒ္ဓဟူးနေ့တွင် ကင်မရွန်းနိုင်ငံခြားသားနှစ်ဦးကို ဒေသခံတစ်ဦးထံမှ ငွေလှည့်ဖြားရယူရန် ကြိုးပမ်းသည့်ပြစ်မှုဖြင့် ထောင်ဒဏ်ခြောက်နှစ်နှင့် ခုနစ်နှစ် အသီးသီး ပြစ်ဒဏ်ချမှတ်လိုက်သည်။

ထိုနိုင်ငံခြားသား နှစ်ဦးမှာ ဆီမိုဖို့ ဆိုဗစ်တာနှင့် တာလာပီရီမာရီတို့ဖြစ်သည်။ ပထမလူမှာ ထောင်ဒဏ်ခုနစ်နှစ်ကျခံရပြီး ဒုတိယလူမှာ ထောင်ဒဏ်ခြောက်နှစ် အသီးသီးကျခံကြရသည်။ ထိုလူနှစ်ဦးသည် ၂၀၀၃ခုနှစ် ဇူလိုင်လအတွင်းက ဒေသခံစီးပွားရေးသမားတစ်ဦးဖြစ်သူ ငုယင်ဟောင်လောင်ထံမှ အမေရိကန်ဒေါ်လာ ၃၀၀၀၀လိမ်လည်ရယူရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း မီဒီယာများက ဖော်ပြကြသည်။

နိုင်ငံခြားသားနှစ်ဦးသည် လောင်နှင့်အချိန်ကြာရှည်စွာ အကျွမ်းတဝင်နေထိုင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ထိုနှစ်ဦးက ကမ္ဘာ့ဘဏ်မှ ထုတ်ထားသော နက်ဂတစ် ဖလင်ပြားများနှင့် ဓာတုဗေဒပစ္စည်းများ အသုံးပြု၍ အမေရိကန်ဒေါ်လာအစစ်များ ထုတ်လုပ်နိုင်ကြောင်း ဆွဲဆောင်ခဲ့ကြသည်။ ဗီယက်နမ်လူမျိုး လောင်ကလည်း ဒေါ်လာများရိုက်နှိပ်ခအဖြစ် ဒေါ်လာငွေ၃၀၀၀၀ပေးရန် သဘောတူညီခဲ့သည်။

ဒေါ်လာငွေပုံနှိပ်သည့် အလုပ်ကို လောင်၏နေအိမ်၌ပင် ဆောင်ရွက်နေကြစဉ် အခကြေးငွေအဖြစ် ပေးထားသော ဒေါ်လာ ၃၀၀၀၀ကို လစ်ပြေးရန် တာလာက ကြိုးစားသည်။ ထိုအခါ ဒေသခံ လောင်က သင်္ကာမကင်းဖြစ်လာပြီး ရဲကိုအကြောင်းကြားကာ လှည့်ဖြားသူနှစ်ဦးကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ဒေါ်လာငွေကို တရားမဝင်ပုံနှိပ်ရန် ကြိုးပမ်းသည့်အတွက် လောင်သည်လည်း အပြစ်ရှိသူဖြစ်ကြောင်း ဒေသခံရဲများ၏အဆိုအရ သိရသည်။ သို့ရာတွင် ၎င်းမှာ လိမ်လည်သိမ်းသွင်းခြင်း ခံရသူသာ ဖြစ်နေသောကြောင့် လည်းကောင်း၊ ဖြစ်ပေါ်နိုင်သည့်အကျိုးဆက်မှာလည်း ကြီးမားနိုင်သည်ဟု မရှုမြင်သောကြောင့် လည်းကောင်း လောင်မှာ ဒဏ်ငွေပေးဆောင်ရန် အပြစ်ဒဏ်ကိုသာ ချမှတ်ခြင်း ခံခဲ့ရသည်ဟုဆိုသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်အကျဉ်းသားများအရှက်တကွဲဖြစ်မှု ဘုရှ်ဝမ်းနည်းကြောင်းပြောဆို

ဝါရှင်တန် မေ ၈

အမေရိကန် အကျဉ်းစခန်းများတွင် အီရတ်အကျဉ်းသားများ ခံစားရသည့် အရှက်တကွဲ ဖြစ်မှုများအတွက် အမေရိကန်သမ္မတ ဘုရှ်က ကြာသပတေးနေ့တွင် ဝန်ချတောင်းပန်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

ထိုလုပ်ရပ်ကိုသမ္မတဘုရှ်က ပြစ်တင်ရှုတ်ချပြီးနောက်တစ်ရက်တွင် ယင်းသို့ တောင်းပန်ခြင်းဖြစ်သည်။

ဧည့်သည်တော် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် တွေ့ဆုံအပြီး အမေရိကန်သမ္မတအိမ်ဖြူ၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အီရတ်အကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုများ အရှက်တကွဲခံစားရမှုအတွက် မိမိဝမ်းနည်းကြောင်း ဘုရင်အဗ္ဗဒူလာအား မိမိပြောကြားလိုက်သည်ဟု သမ္မတဘုရှ်က ထုတ်ဖော်ပြောဆိုသည်။

ထိုဓာတ်ပုံများကို မြင်ပြီးနောက် အမေရိကန်နိုင်ငံ၏ စိတ်ရင်းသဘောထားအမှန်ကို နားမလည်နိုင်အောင် ဖြစ်သွားသူများကဲ့သို့ပင် မိမိထပ်တူထပ်မျှ ဝမ်းနည်းကြောင်း မိမိက ဂျော်ဒန်ဘုရင်အား ပြန်လည်ပြောပြလိုက်ကြောင်း၊ မိမိကဲ့သို့ပင် အမေရိကန်ပြည်သူများအနေဖြင့် သူတို့တွေ့မြင်သည့်ကိစ္စကို ချီးကျူးမည်မဟုတ်သည့်ပြင် အော်ဂလီဆန်ကြလိမ့်မည်ဟုလည်း ဂျော်ဒန်ဘုရင်အား မိမိအသေအချာ ပြောကြားလိုက်ကြောင်း သမ္မတဘုရှ်က ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အကျဉ်းသားများကိစ္စ ကန်ကွန်ဂရက်၌ ကြားနာမှု အာရပ်ရုပ်/သံများ တိုက်ရိုက်ထုတ်လွှင့်ပြသ

ဒူဘိုင်း   မေ   ၈

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ပတ်သက်၍ အမေရိကန်ကွန်ဂရက်၏ ကြားနာစစ်ဆေးမှုများကို အာရပ်ရုပ်မြင်သံကြားဌာနများက သောကြာနေ့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသည်။ သို့ရာတွင် အမေရိကန်အနေဖြင့် အဆိုပါနှိပ်စက်ညှဉ်းပန်းမှုများအဆုံးသတ်ရေးအတွက် သန္နိဋ္ဌာန်ချထားမည်ဟု ရုပ်သံကြည့်ရှုသူ အနည်းငယ်ကသာ ယူဆထားသည်။

ထုတ်လွှင့်ပြသ

အယ်ဂျာဇီယာ၊အယ်အာရေဗီးယားနှင့် အမေရိကန်ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်သည့်အယ်ဟာရာရုပ်မြင်သံကြားဌာနတို့သည် အမေရိကန်ကွန်ဂရက်၏ ကြားနာစစ်ဆေးမှုများကို တစ်ပြိုင်နက်တည်းဘာသာပြန်ထုတ်လွှင့်ပြသသည်။ ယင်းကြားနာစစ်ဆေးမှုတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က အီရတ်အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှုကို ဝန်ချတောင်းပန်လိုက်သော်လည်း ရာထူးမှ နုတ်ထွက်မည်မဟုတ်ဟု ၎င်းက ပြောကြားသည်။

အပြစ်ပေးမည်

ဤတုံ့ပြန်မှုသည် အီရတ်အကျဉ်းသားများအား နှိပ်စက်ပြီး သတ်ပစ်သည့် အမေရိကန်တပ်ဖွဲ့ဝင်များကို အပြစ်ပေးမည်ဖြစ်ကြောင်း သမ္မတဘုရှ်ဗုဒ္ဓဟူးနေ့က ရုပ်/သံမှနေ၍ ကတိကဝတ် ပြုခဲ့စဉ်က တုံ့ပြန်မှုမျိုးနှင့် ဆင်တူဖြစ်သည်။

အမေရိကန်တို့၏ အရေးယူဆောင်ရွက်ရေး ကတိကဝတ်ပြုမှုသည် အနည်းအကျဉ်းမျှသာဖြစ်ပြီး အချိန်လည်းအလွန်နှောင်းနေကြောင်း အာရပ်ပြည်သူအများအပြားက ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

မေ ၆ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ စခန်းများကို ချိန်ရွယ်ထားသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

(၆၈)ကြိမ်မြောက် နယုန်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၉

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်အခြေခံ၍ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားစခန်းပွဲကို ရန်ကုန်တိုင်း ကျောက်တန်းမြို့ သူရိယာရာမ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသူရိယ အရှင်သူမြတ်က နယုန်လဆန်း ၁ရက်မှ ၇ရက်အထိ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ပြိုးခြံမြွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ပြည်သူနှင့်မီးသတ် ရင်ချင်းအပ် ငြိမ်းသတ်ကာကွယ် မီးအန္တရာယ်

ရတနာစည်ဆရာတော် (လှိုင်လင်)

(က)

နွေရာသီရောက်ပြီဆိုသည်နှင့် သတိကြီးမားကြသူ သတိမန္တပုဂ္ဂိုလ်များအဖို့ မျက်ခုံးပင့်နေကြရသည့် ကိစ္စတစ်ခုမှာ မီးဘေးအန္တရာယ်ပင် ဖြစ်၏။ နွေပူပူ၊ နေပူပူ၊ လေပူပူအတွင်း မီးပူပူပေါ့ဆမှုကြောင့် ကိုယ်ပူ၊ စိတ်ပူ၊ ဘဝပူ၊ ပူထူ ခြောက်ခန်း ဝမ်းနည်းရင်နင့်ကြရသည့် ဖြစ်စဉ်များက ဟိုမှသည်မှ ပေါ်ပေါ် လာတတ်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် နွေရာသီရောက်ပြီဆိုလျှင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေရေး သတိပေးသံများကို ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ နေ့စဉ်ထုတ်လွှင့် သတိပေးလျက်ရှိခြင်း၊ နေ့စဉ်သတင်းစာများ၌ နေ့စဉ်မပြတ် မီးဘေးသတိရှိရန် ဆောင်ပုဒ်များ ထည့်သွင်းဖော်ပြပေးလျက်ရှိခြင်းတို့ဖြင့် သက်ဆိုင်ရာတို့က တစ်နိုင်ငံလုံးသို့ မီးဘေးထင်းဘေး သတိပေးနေခြင်းဖြစ်ပါသည်။

(ခ)

မီးဘေးနှင့် ပတ်သက်လျှင် မြတ်ဗုဒ္ဓကိုယ်တော်တိုင်ကပင် သတိပေးတော်မူခဲ့ကြောင်း ပိဋကတ်များ၌ အထင်အရှားပါရှိ၏။ လောင်စာကြောင့် လောင်မြိုက်သောမီး (ကဋ္ဌအဂ္ဂိ)အပြင် အခြားသတိပြုဖွယ်ရာ မီးများအဖြစ် ကမ္မာဖျက်မီး (ကပ္ပဋ္ဌာနအဂ္ဂိ)၊ ငရဲမီး(နိရယအဂ္ဂိ) စသည်တို့သာမက လောင်ကျွမ်းတတ်သော မီးနှင့် တင်စာပြီး–

(၁) အာဟုနေယျ အဂ္ဂိ= မိဘတို့အား စော်ကားခြင်းကြောင့် လောင်မြိုက်သောမီး၊

(၂) ဂဟပတိ အဂ္ဂိ= ကာမပိုင် ခင်ပွန်းသည်အား ကျော်နင်းခြင်းကြောင့် လောင်မြိုက်သောမီး၊

(၃) ဒက္ခိဏေယျ အဂ္ဂိ= ရဟန်းသံဃာတို့အား ပြစ်မှားခြင်းကြောင့် လောင်မြိုက်သော မီးတို့ကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် သတိပေးဟောထားတော်မူခဲ့၏။ **(အံ၊ ၂၊ ၄၂၈ စသည်)**

လောင်စာကြောင့် လောင်ကျွမ်းသော သဘာဝမီးအန္တရာယ်သည်ပင် အိုးလောင်၊ အိမ်လောင်၊ စီးပွားလောင်သဖြင့် ကြောက်လန့်ဖွယ်အဖြစ် ထင်ရှားနေလေရာ ဖော်ပြပြီးသော ဂမ္ဘီရမီးများကား ဆိုဖွယ်ရာမရှိ အတိဘယ စစ်စစ် အလွန်ကြောက်လန့်ဖွယ်ဖြစ်ကြောင်း ခေတ်လူသားတိုင်း သတိပြုအပ်ကြကုန်၏။

(၁) မိသားစုအတွင်း ဖြစ်လေ့ဖြစ်ထရှိသော သာမန်အဆင်မပြေမှုများ၊ မိဘနှင့် သားသမီးတို့၏ သာမန်စိတ်အခန့်မသင့်မှုများထက် ဆတက်လွန်ကျူးပြီး မိဘကျေးဇူးကို ချေဖျက်ခြင်း၊ မိဘများ၏ ဂုဏ်သိန်ကို ညှိုးမှိန်အောင် ခြွေချိုးခြင်း၊ မိဘများကိုပင် ထန်တင်းဒေါသဖြင့် ရန်သူသဖွယ် ပြုမူခြင်းတို့သည် အာဟုနေယျ အဂ္ဂိ မည်သဖြင့် ယင်းလောင်မီးဒဏ်ကို သားဆိုး၊ သမီးမိုက်တို့ ပြေးမလွတ် ခံရလေ့ရှိ၏။

မိဘဟူသည် အဘယ်မိဘမဆို ဗိမ္ဗိသာရ မေတ္တာ၊ ဗိမ္ဗိသာရ ကရုဏာမျိုးသာ ထပ်တူထပ်မျှ ထင်ဟပ်လေ့ရှိသကဲ့သို့ သားသမီးများမှာမူ အဇာတသတ်မာန်မျိုး မပျိုးမိကြဖို့ အမြဲသတိရှိအပ်ကြကုန်၏။ မိဘတော်လှန် သားသမီး၊ မိဘပုန်ကန် သားသမီးများကား အာဟုနေယျ အဂ္ဂိ မီး၏ လောင်စာတို့သာ ဖြစ်လေကုန်၏။

(၂) ခင်ပွန်းသည်က စိတ်ကောင်းနှလုံးကောင်း၊ အကျင့်ကောင်းပါလျက် ဂုဏ်ရည်မထောက်ထား ဖောက်ပြားခြင်း၌ မွေ့လျော်ပျော်ပါးတတ်သူ ဇနီးမိုက်သည် ဂဟပတိ အဂ္ဂိ မီး၏ လောင်စာဖြစ်လေ၏။

(၃) သံဃာကို ကိုယ်စားမပြုသော ပုဂ္ဂိုလ်အချို့၊ သာသနာ့ဝန်ထမ်းအချို့၏ ပါသာဒိကဂုဏ် ပျက်ယွင်းမှုကြောင့် သံဃာအပေါ်၊ သာသနာတော်အပေါ် လွှမ်းခြုံပြစ်မှားကာ ကောက်ကျစ်ယုတ်မာတတ်သော ဒကာဆိုး၊ ဒကာမမိုက်များသည် ဒက္ခိဏေယျ အဂ္ဂိ မီး၏ လောင်စာဖြစ်လေ၏။

ဖော်ပြပါ ဘုရားဟော ဥပစာဒေသနာအရ လောင်စာသည် ထင်း၊ ဝါး၊ သစ် စသော သက်မဲ့များမဟုတ်ဘဲ သားဆိုး သမီးမိုက်၊ မယားဆိုး ဇနီးမိုက်၊ ဒကာဆိုး ဒကာမမိုက်ဟူသည့် သက်ရှိများဖြစ်ကြောင်း ထင်ရှား၏။ မီးဟူသည် လောဘ၊ ဒေါသ၊ မောဟ အကြောင်းခံကြောင့် ဖြစ်ပွားသော ပြစ်မှားဖောက်ပြန်မှုဖြစ်ကြောင်းနှင့် ကုသိုလ်ရေဖြင့် မငြိမ်းသတ်နိုင်သမျှ ကာလပတ်လုံး သံသရာသို့တိုင် လိုက်ပါလောင်ကျွမ်းမည်ဖြစ်ကြောင်း သတိသမ္ပဇဉ် အမြဲယှဉ်အပ်ကြပါကုန်၏။

(ဂ)

ဖော်ပြပြီး ဂမ္ဘီရ မီးများမှတစ်ပါး သဘာဝမီးဖြစ်သည့် ထင်းမီးလောင်စာမီးနှင့် ပတ်သက်၍ လူသားတို့၏ပေါ့ဆမှု၊ သတိချွတ်ယွင်းမှုကို အကြောင်းခံကာ အန္တရာယ်မီးအဖြစ် ကူးစက်လောင်မြိုက်တတ်ကြောင်း အားလုံးသိရှိကြပြီး ဖြစ်၏။ များသောအားဖြင့် မီးဖိုချောင်မှ စဖြစ်လေ့ရှိ၏။ ထို့ပြင် အိပ်ပျော်သွားချိန်အထိ မီးကြွင်းမီးကျန်များ ရှိနေသောအခါမျိုး၊ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ပြီး လူက အခြားတစ်နေရာ၌ ရှိနေခိုက် ဖယောင်းတိုင်လဲကျကာ ဘုရားဆောင်ရှိ စက္ကူပုံတော်များ၊ အမွှေးတိုင်ထုပ် ပလတ်စတစ်အိတ်များ၊ ပန်းခြောက်များသို့ မီးကူးစက်သောအခါမျိုး၊ ခြင်ထောင်အနီး ရေနံဆီမီးခွက်ထွန်းထားရာမှ မတော်တဆထိခိုက်ကာ ခြင်ထောင်မီးစွဲသောအခါမျိုး၊ လျှပ်စစ်မီးကြိုး ရှော့(ခ်)ဖြစ်ပြီး မီးထတောက်သောအခါမျိုး၊ ဂက်(စ်)အိုး ပေါက်ကွဲသည့်အခါမျိုး စသည်ဖြင့်လည်း မီးဘေးအန္တရာယ်ဖြစ်ပွားတတ်၏။ ထိုမှတစ်ပါး မသမာသူတို့၏ ရှို့မီးကြောင့်လည်း မီးဘေးအန္တရာယ်ဖြစ်ပွားတတ်၏။

မီးဘေးအန္တရာယ်ဖြစ်ပွားလျှင် သိသိချင်း မီးသတ်တပ်ဖွဲ့သို့ အကြောင်းကြား အသိပေးတတ်ရန် အထူးလိုအပ်၏။ ယင်းမှာ သိသူတိုင်း၏ တာဝန်ဖြစ်၏။ မီးသတ်တပ်ဖွဲ့ဟူသည် မီးအန္တရာယ်ကို ကာကွယ်ရန် နှစ်ဆယ့်လေးနာရီလုံးလုံး အသင့်ရှိနေသည့် စွမ်းအားပြည့် အဖွဲ့အစည်းဖြစ်ပါသည်။ ယင်း၏ ရည်ရွယ်ချက်များမှာ–

(၁) မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အသက် အိုးအိမ် ပစ္စည်းများ၊ နိုင်ငံပိုင် ကုန်ထုတ်အရင်းအနှီး အဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်၊

(၂) သဘာဝအလျောက် ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်အမျိုးမျိုးကို ပြည်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကာကွယ်စောင့်ရှောက်ရန်၊

(၃) နိုင်ငံတော် အေးချမ်းသာယာရေး အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရန်ဟူ၍ ဖြစ်ပေရာ ယင်းရည်ရွယ်ချက်များကို အစဉ်အမြဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။

ထို့အပြင် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေး၊ နိုင်ငံတော် အေးချမ်းသာယာရေး အရန်အင်အားအဖြစ် ဖွဲ့စည်းတည်ဆောက်ရေးတို့ကို အဓိကတာဝန်ကြီး ငါးရပ်ဟူ၍ သတ်မှတ်ထားသည်သာမက မီးသတ်တပ်ဖွဲ့၏ အရည်အသွေးကို အမြဲထွန်းတောက်နေစေမည့် လုပ်ငန်းရပ်များဖြင့်လည်း အမြဲမွမ်းမံလျက်ရှိ၏။

ထိုမှတစ်ပါး အကြီးအကဲများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးနှင့် အောက်လက်ငယ်သားများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးတို့ကို ပြဋ္ဌာန်းထားပေရာ ထိုကျင့်ဝတ်များသည် အဖွဲ့အစည်းတိုင်း၊ အဖွဲ့အစည်းနှင့် မကင်းသူတိုင်း အထက်အောက်အပြန်အလှန် ကောင်းကျိုးပြုမည့် ကျင့်ဝတ်များဖြစ်သောကြောင့် ဤ၌ အကျယ်ဖော်ပြအပ်ပါ၏။

အကြီးအကဲများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါး

၁။ အကြီးအကဲများကို မိမိဆရာသမားအရင်းဟူ၍ အစဉ်နှလုံးပိုက်ပါ။
၂။ အကြီးအကဲများ၏ အမိန့်ကို တိကျစွာ လိုက်နာပါ။
၃။ အကြီးအကဲများမှ ပေးအပ်သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ။
၄။ အကြီးအကဲများသည် မိမိထက် (ပို၍)ကြီးလေးသော တာဝန်များကို ထမ်းဆောင်နေရသူများဖြစ်ကြောင်း အစဉ်အသိအမှတ်ပြုပါ။
၅။ အကြီးအကဲများကို အရာရာ ယုံကြည်အားထားပါ။
၆။ အကြီးအကဲများကို ယုံကြည်လေးစားပါ။
၇။ အကြီးအကဲများအပေါ် တော်တည့်မှန်ကန်စွာ သစ္စာစောင့်သိပါ။
၈။ ဆုံးမနာယူ လွယ်ပါစေ။
၉။ အကြီးအကဲများသည် ကျောသားရင်သား မခွဲခြားဘဲ အောက်လက်ငယ်သားတို့၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြောင်း အမြဲသတိပြုပါ။
၁၀။ မည်သည့်ကိစ္စမဆို အကြီးအကဲထံ အမှန်အတိုင်း ရဲရဲဝံ့ဝံ့ တင်ပြတတ်ပါစေ။

အောက်လက်ငယ်သားများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါး

၁။ ငယ်သားများအပေါ် အစဉ်မျှတစွာ ကွပ်ကဲအုပ်ချုပ်ပါ။
၂။ ငယ်သားများအား စံနမူနာကောင်း ပြပါ။
၃။ ငယ်သားများ၏ တင်ပြချက်ကို အရေးတယူမှတ်သား နားထောင်ပါ။
၄။ ငယ်သားများအပေါ် အပြည့်အဝ ယုံကြည်ပါ။
၅။ ငယ်သားများက မိမိအပေါ် ချစ်ကြောက်ရိုသေအောင် နေထိုင်ကျင့်သုံးပါ။
၆။ ငယ်သားများထက် မိမိက ပို၍အနစ်နာခံပါ။
၇။ ငယ်သားများအပေါ် အနိုင်မကျင့်မိစေရန် အမြဲသတိရှိပါ။
၈။ ငယ်သားများနှင့် မကင်းကွာအောင် အမြဲနေထိုင်ဆက်ဆံပါ။
၉။ ငယ်သားများအား ရဲဘော်ရဲဘက်အဖြစ် သဘောထားပါ။
၁၀။ ငယ်သားများ၏ သက်သာချောင်ချိရေး၊ ပျော်ရွှင်ရေး၊ ကျန်းမာရေးနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးပါ။

ဖော်ပြပါ ကျင့်ဝတ်များ၊ ကျင့်စဉ်များ၊ လုပ်ငန်းများကို ရည်ရွယ်ချက်ရှိရှိ ကျင့်သုံးဆောင်ရွက်နေသော မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများ မီးဘေးအန္တရာယ် ကျရောက်လျှင် သက်စွန့်ဆံဖျား တားဆီးကာကွယ်နိုင်စွမ်း ရှိနေသောကြောင့် ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ် လုံခြုံစိတ်ချရသည်အထိ အစဉ်ကြိုးပမ်းနေကြရပါမည်။

(ဃ)

မီးသတ်သမိုင်းကိုလေ့လာလျှင် ပုဂံခေတ် အနော်ရထာမင်းတရားလက်ထက်ကပင် "သောသောညံ ပုဂံမီးဆော်မောင်း"အဆိုအရ သော–၆၊ သော–၆၊ ညံ–၃၊ စုစုပေါင်း ၆၆၃ ဦးကို "မီးကပ်သား"အဖြစ် တာဝန်ပေးခဲ့ကြောင်း၊ ထိုမှ မြန်မာမင်းအဆက်ဆက် လက်ထက်အဆင့်ဆင့်တို့၌လည်း မီးဘေးကာကွယ်ရေးအမိန့်ပြန်တမ်းအဖုံဖုံ ထုတ်ပြန်ကာ နိုင်ငံတော် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရ၏။

ထိုမှ ပထမဦးဆုံးသော ရန်ကုန် မြူနီစီပယ်မီးသတ်ကို ၁၈၈၅ ခုနှစ်တွင် တည်ထောင်ကြောင်း၊ ၁၉၃၂ ခုနှစ်တွင် စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် မီးဘေးတားဆီးရေးနှင့် မီးဘေးကာကွယ်ရေး ကိစ္စရပ်များကို ဆောင်ရွက်ရန် မီးသတ်ညွှန်ကြားရေးဝန် ဦးဆောင်သော အရာထမ်း၊ အမှုထမ်း နှစ်ဆယ်တို့နှင့် ဖွဲ့စည်းကြောင်း၊ ၁၉၅၂ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မီးသတ်ဝန်ထမ်း အက်ဥပဒေ အမှတ်(၆) ပြဋ္ဌာန်းလျက် ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေဌာနခွဲ နိုင်ငံတော်အစိုးရ မီးသတ်ဌာနအဖြစ် ဝန်ထမ်း ၆၃၆ ဦးတို့နှင့် ဖွဲ့စည်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယင်းနောက်၌ ၁၉၆၃ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၅၅)အရ စည်းကမ်းသေဝပ်သော အဖွဲ့အစည်းတစ်ခုအဖြစ် မီးသတ်တပ်ဖွဲ့ဟူ၍ တပ်ဖွဲ့အသွင် ဖွဲ့စည်းကာ ၁၉၇၂ ခုနှစ်တွင် စနစ်သစ်အုပ်ချုပ်ရေး ဖော်ထုတ်မှု အစီအစဉ်အရ ဝန်ထမ်းအင်အား ၁၇၉၈ ဦးအထိ တိုးချဲ့ဖွဲ့စည်းလျက် ၂၄ နာရီ တာဝန်ထမ်းဆောင်ရသော မီးသတ်တပ်ဖွဲ့ဖြစ်လာပြီး ၁၉၉၁ ခုနှစ်တွင် ဖွဲ့စည်းပုံကို ၂၅၈၁ ဦးအထိ အင်အားတိုးချဲ့ဖွဲ့စည်းခဲ့၏။ မူလပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးလက်အောက်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး လက်အောက်သို့ ပြောင်းရွှေ့ကာ မီးသတ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ၁၉၉၉ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ပြင်ဦးလွင်မြို့၌ ဗဟိုမီးသတ်သင်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့ပြီး အခြေခံမီးသတ်သင်တန်း၊ တန်းမြင့်မီးသတ်ပညာသင်တန်း၊ အဆင့်မြင့် မီးသတ်ပညာသင်တန်း၊ မီးသတ်အရာရှိသင်တန်း၊ အဆင့်မြင့် မီးသတ်အရာရှိသင်တန်း၊ အသက်ကယ်သင်တန်းများကို စဉ်ဆက်မပြတ် သင်ကြားပေးနေပြီဖြစ်၏။

ယနေ့ မီးသတ်တပ်ဖွဲ့သည် မနေ့က မီးသတ်တပ်ဖွဲ့ မဟုတ်တော့ချေ။

(င)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့သည် အနေအထားကောင်းသို့ ရောက်ရှိတည်ဖြစ်လျက်ရှိရာဝယ် အချို့သောသူများ၏ မမှန်သော အမြင်မျိုး၊ မလျော်ကန်သော အပြောမျိုးကို ကြိုးကြားကြိုးကြား အမြင်ခံ၊ အပြောခံနေရခြင်းများကား ရှိနေသေး၏။

– မီးသတ်နည်းပညာအရ ရေပက်သင့်သောအိမ်ကို ရေပက်ပေးနေခိုက် အရပ်သားများအမြင်အရ ရေပက်စေချင်သောအိမ်ကို ပက်မပေးရကောင်းလားဟု ထင်ရာမြင်ရာ ပြောဆိုမှုများ၊ အချို့နေရာများ၌ လူအုပ်ဖြင့် မီးသတ်ကားပေါ်တက်ပြီး တာဝန်ရှိသူလက်ထဲမှ ရေပိုက်ကို အတင်းလုယူရန် ကြိုးပမ်းမှုများ။

– ငါးပုံလေးပုံ လောင်ကျွမ်းပြီးဖြစ်သော မီးလောင်အိမ်မှမီးကို ရေမဖျန်း မငြိမ်းသတ်တော့ဘဲ အနီးရှိ မီးထတောက်တော့မည့် အိမ်ကိုသာ မီးသတ်နည်းပညာအရ ကြိုတင်ကာကွယ်သောအားဖြင့် ပိုက်ရေပက်ဖျန်းပေးရသော အခြေအနေမျိုးဝယ် အရပ်သားအမြင်ဖြင့် မီးလောင်အိမ် ရေမပက်ဘဲ မီးမလောင်အိမ် ရေပက်ရကောင်းလားဟု မကျေမနပ်ပြောဆိုမှုများ။

– မီးလောင်နေသည်ကို တိုးဝှေ့ကြည့်နေကြသည့် ခြေချင်းလိမ် လူအုပ်ကြီးကြောင့် မီးသတ်ယာဉ်များ မီးလောင်ရာအနီးသို့ မမောင်းနှင် မဝင်ရောက်နိုင်တော့သဖြင့် မီးငြိမ်းသတ်ရန် နှောင့်နှေးကြန့်ကြာရမှုများ။

– မီးလောင်ရာသို့ ရေအပြည့်ပါ မီးသတ်ကားတစ်စီး မောင်းနှင်ဝင်ရောက်လာပြီး ရေဖျန်းပက်ရင်း ရေစည်ထဲမှ ရေကုန်သောအခါ နောက်ပြန်လှည့်ကာ ရေရှိရာနေရာသို့ ရေပြန်စုပ်ယူရန် ဆောင်ရွက်စဉ် ဒီမီးသတ်ကားက ရေအကုန်မပက်ဘဲ ပြန်လှည့်ရသလားဟုလည်းကောင်း၊ ရေနည်းနည်းလေး ထည့်လာပြီးလာပက်ရသလားဟုလည်းကောင်း ထင်ရာမြင်ရာ ပြောဆိုမှုများ။

ယင်း များ––များ––တို့ကား မီးသတ်နည်းပညာ၊ မီးသတ်တပ်ဖွဲ့၏ စေတနာကို ပိုင်းပိုင်းခြားခြား နားမလည်ကြဘဲ၊ နားလည်နိုင်အောင်လည်း မကြိုးစားကြဘဲ အရပ်အမြင်ဖြင့် ထင်ရာမြင်ရာ ထန်ရာသန်ရာ ပြောဆိုပြုမူခြင်းမျှသာ ဖြစ်နေသောကြောင့် ယင်း များ––များ––တို့ကို ရှောင်ကြဉ်အပ်ကြပါကုန်၏။

ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကို အစဉ်သတိရှိကြကုန်လျက် မီးချိတ်၊ မီးကပ် စသည့် အသင့်ဆောင်ထားခြင်း၊ တတ်နိုင်သမျှ ရေစုဆောင်းထားရှိခြင်း၊ ထင်း စသည် လောင်စာတို့ကို စနစ်တကျထားရှိခြင်း၊ မီးဘေးအန္တရာယ်ဖြစ်ပွားပါက ဖြစ်လျှင်ဖြစ်ချင်း ပွားမလာအောင် ဂုန်နီအိတ်ရေစိုဖြင့် ငြိမ်းသတ်ရင်း မီးသတ်တပ်ဖွဲ့သို့ ချက်ချင်းအကြောင်းကြားခြင်း၊ မီးသတ်ယာဉ်ရောက်ရှိလာပါက အတတ်နိုင်ဆုံး ကူညီပေးခြင်းတို့ဖြင့် ဝိုင်းဝန်းပံ့ပိုးကြရပါမည်။

သို့ဖြင့် ပြည်သူနှင့် မီးသတ်တပ်ဖွဲ့သားများ ရင်ချင်းအပ် မေတ္တာတရားထာဝစဉ်ထားရှိကြကုန်လျက် မီးဘေးရှောင် မလောင်ခင်တားနိုင်ဖို့ အသိတရားရှိရှိ ကြိုတင်ကာကွယ်ခြင်းဖြင့်လည်းကောင်း၊ အကယ်၍ မီးဘေးအန္တရာယ်ဖြစ်ပွားလာပါလျှင်လည်း မီးသတ်တပ်ဖွဲ့ ဦးဆောင်မှုအောက်ဝယ် အသိတရားရှိရှိ ပူးပေါင်း ကူညီခြင်းဖြင့်လည်းကောင်း **"ပြည်သူနှင့်မီးသတ် ရင်ချင်းအပ် ငြိမ်းသတ်ကာကွယ် မီးအန္တရာယ်"**ဟူ၍ အက္ခရာသစ် ကမ္ပည်းသစ် ထုဆစ်အပ်ကြပါကုန်သတည်း။ ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရှင်းလင်းမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျောက်ဆည်မြို့နယ် ရွာသာယာမြစ်ရေတင်စခန်းတွင် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း မှာကြားစဉ်။

(သတင်းစဉ်)

★ မိတ္ထီလာလွင်ပြင်မှ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မေ ၇ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့မှ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ ရွာသာယာ မြစ်ရေတင်စခန်းသို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် တာဝန်ရှိသူများက ရွာသာယာ မြစ်ရေတင်စခန်းမှ ကြိုဆိုကြသည်။

ထို့နောက် ရွာသာယာမြစ်ရေတင် စခန်းအနီးရှိ ယာယီရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မိတ္ထီလာ ခရိုင်အတွင်းရှိနယ်မြေများ စိုက်ပျိုးရေ ကျယ်ပြန့်စွာရရှိပြီး ဒေသစိမ်းလန်း စိုပြည်ရေးအတွက် ရေရရှိနိုင်သည့် အလားအလာများနှင့် မြေပြင်အနေအထား လေ့လာထားမှုများ၊ မိတ္ထီလာ ခရိုင်အတွင်းရှိ နိုင်ငံတော်က တည်ဆောက်ထားသည့် ရေလှောင်တမံများနှင့် ကျေးရွာသုံး ဆည်၊ ကန်နှင့် ဖွံ့ဖြိုးရေး တစ်ပိုင်တစ်နိုင်ကန်များ၏ အကျိုးသက်ရောက်မှုအခြေအနေများ၊ မြစ်ငယ်မြစ်ရေကို အဆင့်ဆင့် ရေတင်စနစ်ဖြင့် ထပ်ဆင့်ရေပေးဝေနိုင်ရန် လေ့လာထားသည့် နည်းလမ်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များ စိုက်ပျိုးရေအပြည့်အဝ ရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြစ်ငယ်မြစ်ရေကို အသုံးချဆောင်ရွက်သွားရန် အကြမ်းဖျင်းလေ့လာထားသည့် နည်းလမ်းသုံးသွယ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိတ္ထီလာလွင်ပြင်နှင့် ပခုက္ကူလွင်ပြင်တို့၌ စပါးသီးနှံအပါအဝင် ရာသီသီးနှံများကို စိုက်ပျိုးရာ၌ ရေသေချာစေရေး၊ ပူပြင်းခြောက်သွေ့နေသည့် ယင်းဒေသများ စိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် မြစ်ငယ်မြစ်၊ ဇော်ဂျီမြစ်နှင့် ချင်းတွင်းမြစ်တို့မှ မြစ်ရေများကို ရေတင်မှု အဆင့်ဆင့်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ရေပေးဝေနိုင်အောင် လေ့လာဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေ တိုးချဲ့ပေးနိုင်ရေး လုပ်ငန်းအတွက် လေ့လာတိုင်းတာမှု လုပ်ငန်းများကို ယခုကဲ့သို့ စတင်ဆောင်ရွက်စေခြင်း ဖြစ်ကြောင်း။

မိတ္ထီလာခရိုင်အတွင်းရှိ ဆည်၊ တမံများ၏ လက်ရှိရေသောက်ဧရိယာများနှင့် တစ်ဆက်တစ်စပ်တည်း ကျယ်ပြန့်သော ရေသောက်ဧရိယာ ဖြစ်ပေါ်လာနိုင်အောင် မြို့နယ်အလိုက် မြေပြင်အနေအထား၊ ဒေသအတွင်း စီးဆင်းနေသော ချောင်းမြောင်းများ၏ ရေစီးရေလာအခြေအနေ၊ မြစ်ငယ်မြစ်နှင့် ဇော်ဂျီမြစ်တို့၏ မြစ်ရေများကို ကုန်ကျစရိတ် အနည်းဆုံး၊ လုပ်ငန်းပမာဏအနည်းဆုံးဖြင့် ရေစုပ်တင်၍ ရေဖြန့်ဝေပေးနိုင်မည့် နည်းလမ်းတို့ကို အသေးစိတ်ကွင်းဆင်း လေ့လာတိုင်းတာရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေ ရရှိရေးအတွက် မြစ်ငယ်မြစ်မှ ရေတင် ဆောင်ရွက်လျက်ရှိသည့် ရွာသာယာမြစ်ရေတင်စခန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ရဟတ်ယာဉ်များဖြင့် မိတ္ထီလာခရိုင်ဘက်သို့ ဆက်လက်ထွက်ခွာပြီး ဝမ်းတွင်း၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ မလှိုင်၊ သာစည်မြို့နယ်များ၏ သီးနှံစိုက်ပျိုးထားရှိမှု၊ စိမ်းလန်းစိုပြည်မှုနှင့် ရေအရင်းအမြစ် တည်ရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း ပခုက္ကူမြို့နယ် ရွှေတန့်တစ်ကျေးရွာ ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရေတင်နိုင်မှုကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းအရ ဧရာဝတီမြစ်မှ ရေတင်နိုင်မှုနှင့် ရေတင်စခန်း ပတ်ဝန်းကျင် စပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်ချုပ် ညွန့်တင်က ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအပါအဝင် ပခုက္ကူခရိုင်အတွင်း ဆောင်ရွက်ပြီးစီးသည့် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများနှင့် စိုက်ပျိုးရေပေးဝေနိုင်သည့် ဧကများ၊ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားသည့် မြစ်ရေတင်စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က ဆောင်ရွက်ပြီး စိုက်ပျိုးရေရရှိရေး လုပ်ငန်းများနှင့် သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက လက်ရှိဆည်တမံလုပ်ငန်းများနှင့် မြစ်ရေတင်လုပ်ငန်းများ၏ ရေသောက်ဧရိယာကို ဖြစ်နိုင်သမျှ တိုးချဲ့ပေးရမည့်အပြင် ချင်းတွင်းမြစ်၌ တည်ဆောက်မည့် ရွှေစာရေးဒေသ ရေအားလျှပ်စစ်စီမံကိန်းမှ တစ်ဆင့် ပခုက္ကူခရိုင်အတွင်းရှိ စိုက်ပျိုးမြေများကို တိုးချဲ့ရေပေးဝေနိုင်မည့် အလားအလာများကို ကွင်းဆင်းလေ့လာတိုင်းတာမှုများ ပြုလုပ်ထားရန် မှာကြားသည်။

ပခုက္ကူခရိုင်အတွင်းတွင် ပခုက္ကူမြို့နယ်၌ ကုက္ကိုလှ လျှပ်စစ်မြစ်ရေတင် လုပ်ငန်း၊ ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင် လုပ်ငန်း၊ ရေစကြိုမြို့နယ်၌ ချစ်သူ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ သင့်သည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ သမန္တပို့ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် မင်းရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ပေါက်မြို့နယ်၌ ရေပြာလျှပ်စစ်မြစ်ရေတင် လုပ်ငန်းတို့ကို ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက ဆောင်ရွက်ပြီး ဖြစ်သည်။

ပခုက္ကူခရိုင်အတွင်း နံ့ပို့ကြီးရွာနှင့် ဝါယာ/သာစည် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများကိုလည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ရွှေတန့်တစ်ကျေးရွာရှိ ရွှေတန့်တစ် သရက္ခန်ဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မန္တလေးတိုင်း ပုဂံ-ညောင်ဦးသို့ရောက်ရှိကြရာ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ပခုက္ကူမြို့နယ် ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၉-၅-၂၀၀၄)

ချောက် - ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ဒသမ ၄ဒီဂရီဖာရင်ဟိုက်)

ရန်ကုန် - ၃၂ဒသမ၅ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်)

တပ်မတော်(လေ) မြလေယာဉ် ကုသိုလ်ဖြစ်
မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်



✪ ပုဂံမြို့မှ

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း သာသနာရေးဦးစီးမှူး ဦးခင်မောင်ဝင်းက ဆောင်ရွက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြစဉ်။ (အပေါ်ပုံနှင့်ယာပုံ)

(သတင်းစဉ်)

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စောင်းမှုမှုသိန်းတေးဂီတအဖွဲ့က ထူးမခြားနားသီချင်းခံဖြင့် ပူဇော်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ညောင်ဦးမြို့ ဂူကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ရွတ်ပွားသရဇ္ဈာယ်

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ပုဂံမြို့ အာနန္ဒာဘုရားကြီးအားရည်မှန်း၍ လှူဒါန်းအပ်သော စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုအခါ ...

နို့သာရေပက်ဖျန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်အား နို့သာရည်များ ပက်ဖျန်းပေးကြစဉ်။(သတင်းစဉ်)

ယင်းနောက် ဒုတိ...
လည်းကောင်း၊ ဇနီးဒေါ်...
ပင့်ဆောင်၍ အာနန္ဒာဘု...
လက်ယာရစ် လှည့်လည်...

ထိုအချိန်တွင် ရွှေ...
မင်္ဂလာဆိုင်းအဖွဲ့တို့က ...

ထို့နောက် ဒုတိယဗို...
စိန်ဖူးတော်အား နို့သာရ...
ကုသိုလ်ဖြစ် ထီးတော်တင်...
တင်လှူပူဇော်ပေးကြသည်...

ဆက်လက်၍ အတွ...
အေးချမ်းသာယာရေးနှင့် ...
ဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယ...
ဗိုလ်ချုပ်ကြီးကျော်ဝင်း၊ က...

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စ...
ဆက်ကပ်...

နိုင်ငံတော် အေးချ... ရေးနှင့် ဖွံ့ဖြိုးရေးကောင်... ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်... ပုဂံမြို့ အာနန္ဒာဘုရားကြီး... တော်အသစ် တင်လှူ... မင်္ဂလာ အခမ်းအနားတွ... တော်ထံလှူဖွယ်ပစ္စည်းများ... လှူဒါန်းစဉ်။ (သ...

...ဥ် ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ ...ီတော်အထွတ်သို့ တင်လှူပူဇော်

...်တည်

...တရား

ရေစက်ချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စိန်ဖူးတော်ကို လည်းကောင်း၊ ဇနီးဒေါ်မြမြစန်းက ရတနာပစ္စည်းများကို လည်းကောင်း ပင့်ဆောင်၍ အာနန္ဒာဘုရားကြီးအား ဒေဝါဝင်း၊ ရာဇာဝင်းတို့နှင့်အတူ လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထိုအချိန်တွင် ရွှေပေါက်ကံ မင်္ဂလာစည်တော်ကြီးအဖွဲ့၊ စိန်မော်တာ မင်္ဂလာဆိုင်းအဖွဲ့တို့က ဓမ္မတေးများဖြင့် ပူဇော်ကြသည်။

တင်လှူပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် စိန်ဖူးတော်အား နံ့သာရည်များပက်ဖျန်း၍ တပ်မတော်(လေ)မြလေယာဉ် ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြသည်။

ပက်ဖျန်းပူဇော်

ဆက်လက်၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများသည် မင်္ဂလာအချိန် ကျရောက်သည်နှင့် စိန်ဖူးတော်အား စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြပြီး နံ့သာရည်များဖြင့်လည်း ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက အမျှဝေ စာတမ်းကို ဖတ်ကြားသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်အသစ် တင်လှူပြီးစီးခြင်း အထိမ်းအမှတ် အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်း ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ် မှူးကြီးမောင်အေး၊ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား ဘုရားကြီး၏ ဂေါပကအဖွဲ့ရုံး၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အာနန္ဒာ ဘုရားရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ် မှူးကြီးမောင်အေးသည် ဧည့်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်း ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိမ္မာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဖူးမြော် ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ပုဂံမြို့အာနန္ဒာဘုရားကြီး စိန်ဖူးတော် အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာ အခမ်းအနားအပြီးတွင် အာနန္ဒာ ဘုရားရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်ကြက်ခြေနီများအား ကျန်းမာရေးဆိုင်ရာများ ဟောပြော

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကကြီးမှူးကျင်းပသည့် ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ-၂၀၀၄သို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ထူးချွန် ကြက်ခြေနီများအား ကျန်းမာရေးဆိုင်ရာများဟောပြောပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌဒေါက်တာ ကျော်ဝင်း နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြံပေးပုဂ္ဂိုလ် များ၊ ဟောပြောပို့ချမည့် ဆရာ၊ ဆရာမများနှင့် ထူးချွန်ကြက်ခြေနီမောင်မယ်များ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ ကျော်ဝင်းက“ပြောင်းလဲတိုးတက်နေသောကြက်ခြေနီလှုပ်ရှားမှု”ကိုလည်းကောင်း၊ အသင်းအကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်ခင်စန်းနွယ်က “ကျောင်းကြက်ခြေနီ လုပ်ငန်း”ကိုလည်းကောင်း၊ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ခင်မျိုးမြင့်က “တိုးချဲ့မည့် မူလတန်းကျောင်းကြက်ခြေနီ”ကိုလည်းကောင်း၊သဃ်န်းကျွန်း စံပြဆေးရုံ ဆီးနှင့်ကျောက်ကပ် ဆေးအထူးကုဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သီတာသွင်က“မြွေအန္တရာယ်ကာကွယ်ရေး”ကိုလည်းကောင်း အသီးသီးဟောပြောကြပြီး ပြည်နယ်နှင့်တိုင်းများမှ ကြက်ခြေနီမောင်မယ်များက မိမိတို့၏လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၀၄ (တနင်္လာနေ့)

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၈:၁၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၅ ၈။ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)**
၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၂၅ ၇။ အကပဒေသာ
၅:၄၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၅၀ ၉။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း)
၆:၀၀ ၁၀။ တေးသရုပ်ဖော်အစီအစဉ်
၆:၁၀ ၁၁။ မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ
၆:၂၀ ၁၂။ Discovery.
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇:၁၅ ၁၆။ တေးဂီတအစီအစဉ်
၇:၃၀ ၁၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း-၃၂)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

* တောင်ငူမြို့မှ

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တောင်ငူမြို့ မြစည်းခုံ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍာဝံသ မြတ်စောညီနောင်စေတီတော် ဂေါပက အဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သီလဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးများ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

လှည့်လည်အပူဇော်ခံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို စေတီတော်ကြီးအား လှည့်လည် အပူဇော်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် မြတ်စောညီနောင် ညီတော်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အများစုပေါင်းလှူဒါန်းငွေ ၅၂၄၈၀၆၅၇ ကျပ်ကို ပေးအပ်လှူဒါန်းရာ လက်ခံယူစဉ်။ (သတင်းစဉ်)

မဟာမင်္ဂလာ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနမှ ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် မြတ်စောညီနောင်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီလဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဉပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဉပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ ယူဆောင်၍ စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နောင်တော်ကြီး စေတီတော်အားရည်မှန်း၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို လည်းကောင်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း မြတ်စောညီနောင် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယရန်ကုန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သီလဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးများနှင့်အလှူရှင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင် ညီတော်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အများစုပေါင်းလှူဒါန်းငွေ ၅၂၄၈၀၆၅၇ ကျပ်ကို လည်းကောင်း၊ သမဝါယမဘဏ်ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဇနီး ဒေါ်ဝတ်ရည်အေးတို့က လှူဒါန်းငွေ ကျပ်သိန်း ၃၀၀ကိုလည်းကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီဒေါ်အုန်းခင်က လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

မြတ်စောညီနောင် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေး ရရှိအလှူတော်ငွေ စုစုပေါင်းမှာ ၈၂၄၈၀၆၅၇ ကျပ်ဖြစ်ပြီး သုံးစွဲကုန်ကျငွေ စုစုပေါင်းမှာ ကျပ် ၆၃၇၁၇၁၁၀ဖြစ်၍ လက်ကျန်ငွေ ၂၈၇၆၃၅၄၇ကျပ် ဖြစ်သည်။ ဆက်လက်၍ ညီတော်စေတီတော် ဘက်စုံ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသက အနုမောဒနာ တရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူပူဇော်ခြင်းအစီအစဉ်ကို ကျင်းပသည်။

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်ကာ ဒေဝါဝင်း ရာဇာဝင်းခင်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်နှင့် အရံစေတီ ထီးတော်များကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဉပါသကာတို့က မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ကြပြီး စေတီတော်ကြီးအား လှည့်လည်အပူဇော်ခံသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် မြတ်စောညီနောင် ညီတော်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် သမဝါယမဘဏ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဇနီး ဒေါ်ဝတ်ရည်အေးတို့၏ လှူဒါန်းငွေ ကျပ်သိန်း ၃၀၀ကို လက်ခံယူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် မြတ်စောညီနောင် ညီတော်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်၏ လှူဒါန်းငွေကျပ်သိန်း ၁၀၀ကို လက်ခံယူစဉ်။ (သတင်းစဉ်)

ပင့်ဆောင်

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဉပါသကာများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကိုတပ်မတော်(လေ) မြလေယာဉ် ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နောင်တော်ကြီး စေတီတော်၌ တင်လှူပူဇော်ရန် ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မင်္ဂလာ ရထားပျံပေါ်သို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် သာသနာရေးဝန်ကြီးဌာနမှ ဦးစံသင်းလှိုင်က စေတီတော်ကြီးအား ထီးတော်တင်လှူပူဇော်ခွင့်ပြုပါရန် ပန်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက ထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို မြလေယာဉ်ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာအေးရေကင်းသံများ၊ မင်္ဂလာစည်တော်သံများကို တီးမှုတ်ပူဇော်ကြသည်။

ယင်းနောက် ဉပါသကာများက စေတီတော်အား ရွှေထီးတော်ဘုံဆင့်များကို တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော် ငြမ်းအထက်သို့ တက်ရောက်ပြီး နောင်တော်ကြီးစေတီတော်အား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။ ယင်းနောက် ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်သည်။

ထိုအချိန်တွင် သာသနာရေးဝန်ကြီးဌာနမှ ဦးစံသင်းလှိုင်က ဇယမင်္ဂလာ ဗောဓိယာမူလေ အစချီသော ဂါထာဖြင့် ရွတ်ဆိုပူဇော်သည်။

ဆက်လက်၍ အလှူရှင်များ၊ ဉပါသကာများက အရံစေတီများကို ထီးတော်တင်လှူပူဇော်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✪

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းနှင့် နမ့်လပ်စိုက်ပျိုးရေးခြံ လှည့်လည်စစ်ဆေး

ရန်ကုန် မေ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၇ရက် နံနက် ၁၀နာရီက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ဧက ၅၀၀၀သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ဧက ၅၀၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးခြံအတွက် မြေနေရာရွေးချယ်မှုအခြေအနေ၊ ပထမအဆင့်အနေဖြင့် ဧက ၃၀၀၀ ဖော်ထုတ်ဆောင်ရွက်နေမှုနှင့် ရေရရှိရေးဆောင်ရွက်နေမှုအခြေအနေ၊ ဒုတိယအဆင့် ဆက်လက်တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး ညွှန့်လင်းက စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း တိုင်းစစ်ဌာနချုပ်မှ ဧက၂၀၀၀၊ ပြည်နယ်ဌာနဆိုင်ရာများမှ ဧက၁၀၀၀ စိုက်ပျိုးဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ သီးနှံများ၊ နှစ်ရှည်ပင်များ ပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးစခန်းအတွက် လုပ်ငန်းများ အောင်မြင်စေရေး ဆောင်ရွက်ပေးမှု အခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

နည်းပညာပြန့်ပွားရေး

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးက ဒေသတွင်း ယခုကဲ့သို့ ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံကြီးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်၍ ဒေသခံပြည်သူများသို့ နည်းပညာ ပြန့်ပွားရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ သီးနှံများ အထွက်နှုန်း ကောင်းမွန်ရေးအတွက် သွင်းအားစုများ စနစ်တကျ ထည့်သွင်း၍ စိုက်ပျိုးရေ အချိန်မီ ရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူထုတ်လုပ်မှုကိုလည်း စနစ်တကျ ဆောင်ရွက်ကြရန် လိုကြောင်း ဖြင့် မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်မည့်မြေအခြေအနေ၊ ယာဉ်ယန္တရားကြီးများဖြင့် မြေပြုပြင်ဆောင်ရွက်နေမှု၊ ပျိုးပင်များ ပျိုးထောင်ထားမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

နမ့်လပ်စိုက်ပျိုးရေးခြံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် တောင်ကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ နမ့်လပ်စိုက်ပျိုးရေးခြံသို့ သွားရောက်ရာ စိုက်ပျိုးရေးခြံ တာဝန်ခံ ဦးကျော်စိုးက စိုက်ပျိုးရေးခြံအတွင်း သရက် ၃၃ဧက၊ ပျားလိမ္မော် ၁၅ဧက၊ လိမ္မော် ၁၂ဧက စိုက်ပျိုးထားရှိမှု၊ စိန်တလုံး၊ မြကျောက်၊ ရွှေဟင်္သာ မျိုးသရက်ပင် ၉၀၀ စိုက်ပျိုးထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားညွှန်ကြားဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးခြံအတွင်း ပျားလိမ္မော် စမ်းသပ်စိုက်ပျိုးထားရှိမှု၊ သရက်ပင်များ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✪ စာမျက်နှာ ၁၀ မှ

ယင်းနောက် သာသနာရေးဝန်ကြီးဌာနမှ ဦးစံသင်းလှိုင်က (၃၁)ဘုံသားတို့အား အမျှပေးဝေပြီး မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

မဟာမင်္ဂလာအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကန်တော်ထူးစေတီနှင့် ရဟန္တာသိမ်တော်တို့ကို သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြတ်စောညီနောင်ဘုရား ညီတော်စေတီတော်အား သွားရောက်ဖူးမြော်ကြသည်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ လှည့်လည်စစ်ဆေးကြပ်မတ်

ရန်ကုန် မေ ၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးမြင့်အုန်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးခင်မောင်၊ ဒုတိယဗိုလ်မှူးကြီး တင်မောင်ထွန်း၊ တပ်ထိန်းတပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဘော်ထင်နှင့် ဦးတင်အောင်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည် စစ်ဆေးကြပ်မတ်ကြစဉ်။ (သတင်းစဉ်)

မြတ်ဗုဒ္ဓဒေသနာတော်နှင့် မင်္ဂလသုတ်သင်တန်း

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် (၁၆)ကြိမ်မြောက် (အင်္ဂလိပ်၊မြန်မာ) နှစ်ဘာသာဖြင့် မြတ်ဗုဒ္ဓဒေသနာတော်နှင့် မင်္ဂလသုတ်သင်တန်းကို မေ ၁၆ ရက် မွန်းလွဲ ၁၂နာရီခွဲတွင် စတင်ဖွင့်လှစ်၍ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ မည်သူမဆို ကုသိုလ်ယူ တက်ရောက်သင်ကြားနိုင်သည်ဟု သိရသည်။ (က-ပ)

၂၀၀၄ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၉

“ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏ စိတ်ထားမှန် (Stop Discrimination)”ဟူသော ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ၂၀၀၄ခုနှစ် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာလှဖေကဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ပူးတွဲပေးပို့သည့် သဝဏ်လွှာကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Patrick Vial က ဖတ်ကြားပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရပ်နားသည်။

ယင်းနောက် ဒုတိယပိုင်း ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ ၂၀၀၄ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သူနာပြုစွမ်းရည်၊ စစ်ရေးပြနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်း၊ ပြိုင်ပွဲများတွင် ဆုရရှိကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင်အတွင်းရေးမှူးနှင့် အမှုဆောင်ကော်မတီဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးတို့က အသီးသီးဆုများချီးမြှင့်ကြပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက စွမ်းရည်တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း (က) ကိုယ်စားပြု ကြက်ခြေနီတပ်ဖွဲ့၊ စစ်ရေးပြတံခွန်စိုက် ဒိုင်းဆုရ ရန်ကုန်တိုင်း (က) ကိုယ်စားပြု ကြက်ခြေနီတပ်ဖွဲ့နှင့် တံခွန်စိုက်အလံရ ရန်ကုန်တိုင်း(က) ကိုယ်စားပြု ကြက်ခြေနီတပ်ဖွဲ့တို့အား တံခွန်စိုက်ဒိုင်းနှင့် တံခွန်စိုက်အလံတို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မီးသတိပြု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း တောင်ငူခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

● **ပဲခူးရိုးမမှ**

ရှေးဦးစွာ တည်ဆောက်ရေး ရှင်းလင်းဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က တောင်ငူတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ IT ခန်းများ၌ ကွန်ပျူတာ ၁၀၆ လုံး အသုံးပြုသင်ကြားနေမှု၊ ဝန်ထမ်းဖွဲ့စည်းမှုနှင့် ခန့်ထားပြီးအင်အား၊ တည်ဆောက်ရေးလုပ်ငန်းများ အပါအဝင် သင်ကြားစီမံ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးဦးစောသိန်းက တောင်ငူတက္ကသိုလ်၌ စာသင်ဆောင်များ၊ စာသင်ခန်းမ၊ ရှင်းလင်းဆောင်၊ အပန်းဖြေရိပ်သာ၊ စားသောက်ဆိုင် တည်ဆောက်ပြီးစီးနေမှု၊ ကားရပ်နားစခန်း၊ လမ်းတံတားလုပ်ငန်းများ၊ ရေ၊ မီးရရှိရေး ဆောင်ရွက်ထားမှု၊ ကျောင်းသား ၃၀၀ဆံ့ စာသင်ဆောင် နှစ်ဆောင် တည်ဆောက်ရန် ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံမှ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါ်မြင့်မြင့်သန်းနှင့် အထူးကုဆရာဝန်ကြီးများ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

မှာကြား

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သားဖွားဆောင်၊ ခွဲစိတ်ဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ အရိုးအဆစ်နှင့် ထိခိုက်ဒဏ်ရာ ကုသဆောင်၊ ကလေးဆေးကုသဆောင်နှင့် ပြင်ပလူနာနှင့် အရေးပေါ်ဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း တောင်ငူခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးတိုင်း၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ မြေအသုံးချမှုနှင့် စိုက်ပျိုးမြေဧက၊ မိုးရွာသွန်းမှု အခြေအနေ၊ ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါးစိုက်ဧက၊ နွေစပါးစိုက်ဧက၊ ပဲမျိုးစုံစိုက်ပျိုးနိုင်မှု၊ ဆီထွက်သီးနှံ စိုက်ပျိုးနိုင်မှု၊ တိုင်းအတွင်း ဝမ်းစာဖူလုံမှု၊ ဆီဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းဆောင်ရွက်ထားမှု၊ တိုင်းအတွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၊ တောင်ငူမြို့ စည်ပင်သာယာ နယ်နိမိတ်တိုးချဲ့ရန် စီစဉ်ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သန်း၊ တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်စင်၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်ဦး၊ အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း၊ ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ခင်၊ ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝမ်းနှင့် သံတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးတို့က မိမိတို့မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှုနှင့် မိုးရွာသွန်းမှု၊ နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်မှု၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုး စိုက်ပျိုးနိုင်မှု၊ စက်မှုသီးနှံနှင့် နှစ်ရှည်သီးနှံ စိုက်ပျိုးနိုင်မှု အပါအဝင် အဓိကသီးနှံ စိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာ ဆန်နှင့် ဆီဖူလုံမှုအခြေအနေ၊ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း၊ လမ်း တံတားလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တောင်ငူတက္ကသိုလ်တွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားစဉ်။

(သတင်းစဉ်)

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းကာကွယ်ရေး၊ ပျိုးထောင်ရေး၊ လမ်းတံတားလုပ်ငန်းနှင့် မြို့စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းကာ ဖြည့်ဆည်းပေးသင့်သည်များကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ပဲခူးတိုင်း တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ယခုအခမ်းအနားတွင် ဆွေးနွေးတင်ပြသည့် လိုအပ်ချက်အားလုံးလိုလိုကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများ အားလုံးကို မည်သည့်နေရာဒေသကိုမျှ လျစ်လျူရှုမထားဘဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖော်ထုတ်ပံ့ပိုး ကူညီပေးမည်ဆိုသော သဘောထားနှင့်အညီ ယခုကဲ့သို့ နယ်မြေဒေသအသီးသီးသို့ ကိုယ်တိုင်သွားရောက်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဒုတိယစပါးကျီ

ပဲခူးတိုင်းသည် ဧရာဝတီတိုင်းပြီးလျှင် နိုင်ငံတော်အတွက် ဒုတိယစပါးကျီ ဖြစ်စေရမည်ဟု နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ပဲခူးတိုင်း၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပဲခူးတိုင်းသည် မြေဧရိယာကျယ်ပြန့်သလို စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်မြေများစွာရှိပါလျက် စိုက်ပျိုးရေလိုအပ်သဖြင့် သော်လည်းကောင်း၊ ရေကြီး ရေနက်ကွင်းများ ဖြစ်ပေါ်၍ သော်လည်းကောင်း စိုက်ပျိုးလုပ်ကိုင်နိုင်သည့် အခြေအနေအခွင့်အလမ်းများ နည်းပါးခဲ့ကြောင်း။

လက်ယှက်ထိုးတည်ဆောက်

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပဲခူးတိုင်းအတွင်း ပဲခူးတိုင်းအရှေ့ခြမ်းမှာရော အနောက်ခြမ်းမှာပါ ရေမြေသဘာဝ လိုအပ်ချက်အရ ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများကို နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြားအကုန်အကျခံ၍ လက်ယှက်ထိုးတည်ဆောက်ပေးခဲ့ကြောင်း။

တည်ဆောက်ပေးခဲ့

ယခုဆိုလျှင် ပဲခူးတိုင်းအတွင်း ရေလှောင်တမံ ၂၈ ခု၊ ရေထိန်းတမံ တစ်ခု၊ ရေလွှဲဆည် လေးခု၊ ရေထိန်းတံခါး လေးခုနှင့် မြစ်ရေတင်စီမံကိန်း ၅၇ ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင်လက်ရှိ တည်ဆောက်ဆဲ ရေလှောင်တမံ လေးခုနှင့် ရေထိန်းတံခါး တစ်ခုတို့ရှိနေပြီး ရေလှောင်တမံ ရှစ်ခုနှင့် မြစ်ရေတင်စီမံကိန်း ၄၂ ခု တို့ကို ဆက်လက်တည်ဆောက်သွားရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

ယခုပင်လျှင် ပဲခူးတိုင်းအတွင်း ဆည်မြောင်းတာတမံများ လက်ယှက်ထိုးပေါ်ထွန်းလာခဲ့ပြီး ဝေဟင်မှကြည့်လျှင် ဆည်မြောင်းတာတမံများ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းနေပြီဖြစ်သည်ကို တွေ့နိုင်ကြောင်း။

ရည်မှန်းချက်ပြည့်မြောက်ရေး

ပဲခူးတိုင်းကို နိုင်ငံတော်၏ ဒုတိယစပါးကျီ ဖြစ်စေရမည်ဆိုသည့် မျှော်မှန်းချက် ပြည့်မြောက်စေရေးအတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေသည်ဖြစ်ရာ ဒေသတွင်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာ အကြီးအကဲများကလည်း နိုင်ငံတော်၏ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး အောင်မြင်ဖြစ်ထွန်းအောင် ဝါယမစိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်ကြဖို့လိုကြောင်း။

ပဲခူးတိုင်းအတွင်း စိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းလုပ်ငန်းများသာမက အမျိုးသားစီးပွားရေး စီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေးမှာ ပဓာနကျသည့် မြေယာနှင့် စိုက်ပျိုးရေးဆိုင်ရာ ကိန်းဂဏန်းများ တိကျမှန်ကန်စေရအောင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က စနစ်တကျနှင့် မှန်ကန်တက်ကြွစွာ စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ရေလျှံပျက်စီး

ယခုအခါတွင် ပဲခူးရိုးမမှ စီးဆင်းလာသည့် ချောင်းများ၊ မြောင်းများမှာ သဲနုန်းများဖြင့် တိမ်ကောပြီး မိုးအခါတွင် ရန်ကုန်-မန္တလေးလမ်းမကြီး ပေါ်ရေလျှံ ပျက်စီးမှုများ ဖြစ်ပေါ်စေလျက်ရှိသည်ကိုလည်း လိုအပ်သလို ပြုပြင်ဆောင်ရွက်ဖို့လိုကြောင်း။

အားပေးဆောင်ရွက်

ပဲခူးရိုးမပေါ်၌ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် မြေလွှာပျက်စီးမှုဖြစ်ပေါ်ပြီး ချောင်းမြောင်းများအတွင်း သဲနုန်းများ စီးဝင်ခြင်းဖြစ်ရာ ရွှေ့ပြောင်းတောင်ယာစနစ်အစား ကုန်းမြင့်လယ်ယာစနစ်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❒

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ မအူပင်မြို့နယ် မီးသွေးချောင်းကွင်း–ကျီးမဲကြီး ငါးမွေးမြူရေးစခန်း ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် မအူပင်မြို့နယ် မီးသွေးချောင်း ကွင်းရှိ မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ငါး မွေးမြူရေးကန် တူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)၊ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၇နာရီတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာသို့ ရောက်ရှိကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မှာကြား

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မအူပင်မြို့နယ် မီးသွေးချောင်း ကျေးရွာအုပ်စု–မအူပင်–ဆားမလောက်ကားလမ်းဘေးရှိ တိုင်းရင်းသား ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင်များ၏ ငါးမွေးမြူရေးကန်များ တူးဖော်ထားမှုနှင့် တူးဖော်ပြီး ငါးမွေးမြူရေးကန်များတွင် ငါးမြစ်ချင်းများ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး(၂)က လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် မီးသွေးချောင်းကွင်း၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူရေးကန်များ တူးဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် မအူပင်မြို့နယ် ကျီးမဲကြီး ငါးမွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ စခန်းတာဝန်ခံအရာရှိ ဗိုလ်မှူး အောင်မင်းက ငါးမွေးမြူကန်များ တူးဖော်ပြီးစီးမှု၊ ငါးမွေးမြူထားမှု၊ စခန်းအတွင်း ကုန်ထုတ်လမ်းများ ဖောက်လုပ်နေမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဝင်ငွေရရှိနိုင်မှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်း၏ ၂၀၀၃–၂၀၀၄ ခုနှစ် နွေစပါးစိုက်ပျိုးမှုနှင့် ရိတ်သိမ်းပြီးစီးမှု အခြေအနေ၊ ငါးမွေးမြူမှုအခြေအနေ၊ တိုင်းရင်းသားကုမ္ပဏီများ၏ ၂၀၀၃–၂၀၀၄ ခုနှစ် စိုက်ပျိုးမွေးမြူပြီးစီးမှု အခြေအနေနှင့် ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်(အငြိမ်းစား)က ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် သဇင်ရေကျော် ငါးမွေးမြူရေး စခန်း၌ ဧက ၃၅၀ ငါးမွေးမြူရေးကန် ဖော်ထုတ်လုပ်ကိုင်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းစည်းဝေး

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းစီစဉ်ပေးပြီး မိမိအဖွဲ့အကျိုး၊ ဒေသနှင့် နိုင်ငံ့အကျိုးဖြစ်ထွန်းရေးကိုရှေးရှုကာ လုပ်ငန်းတွင် အလေအလွင့် အဆုံးအရှုံးမရှိရေး၊ မွေးမြူထားသည့်ငါးများ အသေအပျောက်နည်းပါးပြီး ကြီးထွားမှု မြန်ဆန်ရေးအတွက် စနစ်တကျ ကျွေးမွေးပြုစုရေးတို့ကို စေတနာထား ဆောင်ရွက်ကြရေးနှင့် ငါးမွေးမြူထားသည့် ကန်ပေါင်များတွင် လေကာမိုးကာ အထောက်အကူဖြစ်သည့် စားပင်သီးပင်များပါ ပေါင်းစပ်စိုက်ပျိုးကြရေး မှာကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ မအူပင်မြို့နယ် ကျီးမဲကြီး ငါးမွေးမြူရေး စခန်းတွင် ဧက ၁၀၀၀လျာထားရာ ဖော်ထုတ်ပြီး ငါးကန် ၆၀၈ဧကအနက် ဧက ၁၈၀ တွင် ခြောက်လသားအရွယ်ငါးမြစ်ချင်း ကောင်ရေ ၃၂၀၀၀၀ကျော်၊ ငါးသိုင်းနှင့် ငါးကြင်းကောင်ရေ ၂၅၀၀၀ ကျော် စုစုပေါင်း ငါးကောင်ရေ ၃၄၅၀၀၀ ကျော် မွေးမြူထားကြောင်း သိရသည်။

ဧရာဝတီတိုင်း တစ်တိုင်းလုံးတွင် နွေစပါး ၁၃၂၀၈၀၅ဧက စိုက်ပျိုးထားသည့်အနက် ယနေ့အထိ စပါး ၁၁၄၅၅၈၆ဧက ရိတ်သိမ်းပြီးစီးကာ တစ်ဧကလျှင် စပါးအထွက်နှုန်း ၈၆ဒသမ ၃တင်းနှုန်းဖြင့် စပါး ၉၈၅၅၉၃၈၅တင်းထွက်ရှိပြီး တိုင်းရင်းသားကုမ္ပဏီ ၂၈ခုတို့ကလည်း စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် မြေ ၁၉၅၄၄၆ ဧက ရယူထားသည့်အနက် ဖော်ထုတ်ပြီး မြေ ၁၄၃၈၆၀ဧကတွင် ၇၅၁၀၄ ဧကကို စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ထားပြီး ၃၁၈၂၀ဧကတွင် ငါးမွေးမြူရေးလုပ်ငန်းတို့ကို လုပ်ကိုင်လျက်ရှိသည်။

ဧရာဝတီတိုင်း တစ်တိုင်းလုံးတွင် ငါးမွေးမြူကန်ဧက ၈၀၀၀၀တူးဖော်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုနှစ် မေ ၅ရက်အထိ ငါးမွေးမြူကန် ၈၀၃၂၄ဧက တူးဖော်ပြီးစီးပြီး လျာထားချက်ထက် ကျော်လွန်တူးဖော်ပြီးစီးကြောင်းနှင့် ဆက်လက်၍ ငါးမွေးမြူရေးကန်များ တိုးချဲ့တူးဖော်လျက်ရှိကြောင်း သိရသည်။

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ရေနက်ကွင်းဒေသများ၌ ငါးမွေးမြူရေးကန်များ တူးဖော်ပြီးစီးမှု အခြေအနေတို့ကို စက်တပ်ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားကာ ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သံလွင်လမ်း အမှတ်(၁၃၃)နေ ဒေါက်တာဦးချန်တိတ်၊ ဇနီး ဒေါ်ခင်ဖွားမိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင် (ငြိမ်း)တို့သို့ မေ ၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကွမ်းခြံကုန်းစည်ပင် ကွင်းဆင်းစစ်ဆေး

ရန်ကုန် မေ ၉

ရန်ကုန်တောင်ပိုင်းခရိုင်တာဝန်ခံ၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်သည် တာဝန်ရှိသူများနှင့်အတူ မေ ၁ရက်က ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လမ်းတံတား၊ ရေပေးရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးရာ အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှု၊ ပေါင်းမြက်ရှင်းလင်းမှု အခြေအနေများကို အမှုဆောင်အရာရှိ ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၅–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Measure of Dispersion (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား)
၅:၃၀	၁၀။မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၃၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၇။ မေးမြန်းစူးစမ်း
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဉာဏ်ကျယ်လေး (အပိုင်း–၁၉)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင်၊မိခင်သစ္စာ (အပိုင်း–၅)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

❐ စာမျက်နှာ ၁၂မှ

ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ ပဲခူးရိုးမတစ်လျှောက် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက် ကုန်းမြင့်လယ်ယာစနစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရေး၊ ကျွန်းစိုက်ခင်းများ၊ သစ်တောစိုက်ခင်းများ ထူထောင်ပြီး တောပြုန်းတီးမှု ထိရောက်စွာကာကွယ်တားဆီးရေး၊ ငှက်ပျောခင်းများအကြား ကျွန်းပင်များ ကြားညှပ်စိုက်ပျိုးရေးတို့ကို မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

လမ်းပန်းဆက်သွယ်ရေး

ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် ရန်ကုန်-မန္တလေးလမ်းမကြီးအပါအဝင် မြို့ချင်းဆက်လမ်းများ၊ မြို့တွင်းလမ်းများ၊ မြို့နှင့်ကျေးရွာဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများကို စနစ်တကျ စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့လည်း လိုအပ်ကြောင်း။

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအကျဆုံးဖြစ်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ညှိနှိုင်းပေါင်းစပ်ပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်း ဆောင်ရွက်မှုတို့ဖြင့် တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ပံ့ပိုးဆောင်ရွက်

မိမိတို့မြို့နယ်အတွင်း ဖွဲ့စည်းတည်ထောင်ထားသော စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို ရယူပြီး မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်သူ့အားကို ထိုက်တန်အကျိုးရှိစွာ အသုံးချကြဖို့ လိုအပ်သကဲ့သို့ ယင်းစေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည် ထက်မြက်ရေးတို့အတွက် ဌာနဆိုင်ရာများဘက်က ပံ့ပိုး ဆောင်ရွက်ဖွယ်များကိုလည်း ပံ့ပိုးဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် အခြေခံဒေသများဖြစ်သော ကျေးလက်ဒေသများအထိ ဆင်းပြီး ကျေးလက်နေပြည်သူများ၏ ရပ်ရွာဒေသဖွံ့ဖြိုးရေး၊ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေး လိုအပ်ချက်များကို ကိုယ်တိုင်သိရှိပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြဖို့လိုကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

နိုင်ငံတော်အစိုးရက ကျေးလက်ဒေသများ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်ဟု ဆိုသော်လည်း ပညာရေး၊ကျန်းမာရေးစသည့် ကဏ္ဍတစ်ခုချင်းတွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် စီမံကိန်းများ၊ စီမံချက်များလည်း များစွာရှိနေသေးကြောင်း။

ထို့အပြင် ကျေးလက်နေပြည်သူများ၏ လက်တွေ့ဘဝ လိုအပ်ချက်နှင့်အညီ မိမိတို့ ဒေသအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးဖွယ်လုပ်ငန်းများလည်း များစွာရှိနေဦးမှာဖြစ်ကြောင်း။

တာဝန်နှင့်စေတနာပေါင်းစပ်

သို့ဖြစ်၍ မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက် မြင့်မားရေးတို့အတွက် ဗဟိုက ချမှတ်ပေးသည့် အစီအမံများ၊ ဒေသအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများ အောင်မြင်အကောင်အထည်ပေါ်စေရအောင် ဒေသခံ ပြည်သူများနှင့်တကွ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုအားကိုရယူကာ တာဝန်နှင့်စေတနာ ပေါင်းစပ်ပြီး တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော် ဗိုလ်မှူးထိန်လင်းနှင့် ကျွန်မ မမျိုးကေခိုင်တို့၏ ၉-၅-၂၀၀၄ရက်နေ့ Sedona Hotel တွင်ပြုလုပ်သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မင်္ဂလာပန်းကုံးဆင်မြန်းပေးသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာပိုက်တင်နှင့်ဇနီး ဒေါ်စိန်ရင်၊ အခမ်းအနားမှူးအဖြစ် ကူညီပေးသော အန်တီ ဒေါ်ကြူကြူသင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသော မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးထိန်လင်း-မမျိုးကေခိုင်။

ဘဏ္ဍာရေးနှင့်အခွန် ဒုတိယဝန်ကြီး ဟားခါးမြို့၌ ရုံးသစ်များ ဖွင့်ပွဲတက်ရောက်

ရန်ကုန် မေ ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားနှင့် မြန်မာ့အာမခံလုပ်ငန်း ချင်းပြည်နယ်ရုံးအဆောက်အအုံသစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ဗိုလ်ချုပ်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်၌ ကျင်းပသည်။

ဖွင့်ပွဲ ပထမပိုင်းကို နံနက် ၇နာရီခွဲတွင် ဟားခါးမြို့ ဗိုလ်ချုပ်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း ချင်းပြည်နယ်ရုံး အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတို့ တက်ရောက်ကြသည်။ အဆောက်အအုံသစ်ကို မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမောင်မောင်သိမ်းနှင့် ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက အဆောက်အအုံအတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နံနက် ၈နာရီတွင် ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဟားခါးမြို့ ဗိုလ်ချုပ်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။ အစီအစဉ်အရ အဆောက်အအုံသစ်ကို မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးသည်။ ထို့နောက် ဘဏ်ခွဲ အဆောက်အအုံသစ် အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အမည်ပြောင်း

ဦးမောင်ဆန်း၏ သမီး မခင်သူဇာအား ယနေ့မှစ၍ မခင်သူဇာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

ခင်သူဇာထွန်း။

ခုနစ်ကြိမ်မြောက် ခနောင်တို အထက မြတ်ဆရာပူဇော်မည်

ဆိပ်ကြီးခနောင်တို မေ ၅

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တို မြို့နယ် ခနောင်တို အထက်တန်းကျောင်း၏(၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲ အခမ်းအနားသို့ အသက်(၆၀) နှစ်အထက် ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြရန်နှင့် ကျောင်းသူ၊ ကျောင်းသားများ ဒေါ်ကျင်စာရီ ဖုန်း-၂၂၃၃၆၆၊ ဒေါ်ဝင်းမြင့် ဖုန်း-၇၂၇၇၂၉၊ ဒေါ်သီတာမြင့် ဖုန်း-၂၂၉၇၈၄ နှင့် ဦးကျော်စွာ ဖုန်း-၇၀၈၆၈၁ တို့ထံ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နွားထိုးကြီးမြို့နယ် မိုးကြိုဝါ စိုက်ပျိုးအောင်မြင်

နွားထိုးကြီး မေ ၃

နွားထိုးကြီးမြို့နယ် မိုးကြိုဝါ ၅၉၉ ဧက စိုက်ပျိုးခဲ့ရာ ဆည်ရေများ ဆက်လက် ပေးနေပြီဖြစ်၍ မိုးကြိုဝါ စီမံကိန်းလုပ်ငန်းမှာ အောင်မြင်နေပြီဖြစ်ကြောင်း သိရသည်။

ခက်လန်းဆည်ရေဖြင့် မိုးကြိုဝါ ဧက ၃၈၀၊ ကန်နားကန်ရေဖြင့် ဧက ၁၀၀နှင့် ပြောင်းပြာဆည်ရေဖြင့် ၁၁၉ ဧက စိုက်ပျိုးထားခဲ့ရာ ယခုအခါ စိုက်ပျိုးရေကို ခက်လန်းဆည်ရေနှင့် ကန်နားကန်တို့မှ ဆည်ရေ၊ ကန်ရေများ ဆက်လက်၍ ပေးနေပြီဖြစ်သည်။

ဖြည့်ဆည်းပေး

နွားထိုးကြီး ဝါလုပ်ငန်းမန်နေဂျာ ဒေါ်စမ်းစမ်းမြင့်နှင့် ဝါလုပ်ငန်းဝန်ထမ်းများသည် မိုးကြိုဝါခင်းများ ဆည်ရေသောက်ရမှုအခြေအနေကို လက်ဝဲမြင်းနီ၊ ကန်နား၊ ခက်လန်းတို့သို့ ကွင်းဆင်းကြည့်ရှု၍ ဝါတောင်သူနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနေကြောင်း သိရသည်။ **(၉၅)**

မြို့နယ် သတင်းများ

သုံးမြို့နယ် ကားလမ်းသစ် ဖောက်လုပ် လမ်းအူကြောင်းနှင့် မြေသားလမ်းလုပ်ငန်းများ ပြီးစီး

ကန့်ဘလူ မေ ၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်နှင့် ကသာခရိုင် ကောလင်းမြို့ မြို့ရွာချင်းဆက် မော်တော်ကားလမ်းသစ်ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနတို့၏ အစီအစဉ်အရ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဖောက်လုပ်လျက်ရှိရာ လမ်းအူကြောင်း ဖောက်ခြင်း၊ မြေသားတင်ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဟု သိရသည်။

ကြည့်ရှုစစ်ဆေး

ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ကန့်ဘလူမြို့နယ်ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၄ ရက်က သုံးမြို့နယ် ကားလမ်းဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဖောက်လုပ်ပြီးစီး

အဆိုပါလမ်း အမြန်ပြီးစီးရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နယ်မြေတာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။ ကားလမ်းသစ် ဖောက်လုပ်ရာတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာရေးနှစ်အတွက် ငွေကျပ် ၇၇ သိန်း၊ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွက် ငွေကျပ် ၁၇ သိန်း ကျခံသုံးစွဲကြောင်းနှင့် စုစုပေါင်း ကားလမ်းအရှည် ၃၂ မိုင် ဖောက်လုပ်ပြီးစီးကြောင်း သိရသည်။ **(၃၈၆)**

ဧပြီ ၉ ရက်က မိုးကောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဆွေက နိုင်ငံသားအရည်အချင်း ပြည့်မီသည့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ် အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်ထံ ပေးအပ်စဉ်။ (၄၉၉)

ကွင်းဆင်းကြီးကြပ်

ညောင်လေးပင်မြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ဧပြီ ၃၀ ရက်က မြို့မ(၂)ရပ်ကွက် လမ်းသစ်လမ်းတွင် ဆောင်ရွက်နေသော သန့်ရှင်းရေးလုပ်ငန်းအား ကွင်းဆင်းကြီးကြပ်စဉ်။ (၁၂၆)

မြစ်လောင်းကျေးရွာ၌ နယ်လှည့်စာကြည့်တိုက်ဖွင့် အလှူရှင်များက စာအုပ်မျိုးစုံ လှူဒါန်း

မြစ်ငယ် ဧပြီ ၂၈

မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်လောင်းကျေးရွာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျေးရွာရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးအောင်လွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးညီညီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** အတွင်းရေးမှူးက နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးရခြင်းကိုလည်းကောင်း၊ ဒုဦးစီးမှူး ဒေါ်မြင့်မြင့်သိန်းက ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုဦးစီးမှူး ဒေါ်မြင့်မြင့်သိန်းနှင့် အလှူရှင်များက ကျေးရွာဥက္ကဋ္ဌ ဦးညီညီထံ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းသည်။ အလားတူ စာတိုး၊ မြို့ပြင်ကြီး ကျေးရွာအုပ်စုနှင့် ခနဲကျေးရွာအုပ်စုတို့တွင်လည်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(၄၃၃)**

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကျင်းပ ဆုရတပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ချီးမြှင့်

ဒေးဒရဲ မေ ၆

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး ဦးစီနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ချီတက်အလေးပြု

အခမ်းအနားတွင် စစ်ကြောင်းမှူး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆင်ပေါက် ဦးဆောင်သည့် အလံကိုင်တပ်ဖွဲ့၊ ကျေးရွာပေါင်းစုံ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ဘင်ခရာတပ်ဖွဲ့တို့က စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြုကြပြီး အဖွဲ့ဝင်(၁)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုဆုပေး

ယင်းနောက် စစ်ရေးပြပြိုင်ပွဲတွင် ဆုရရှိသည့် တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကာ မီးငြိမ်းသတ်နည်း သရုပ်ပြပွဲများ ပြုလုပ်ကြသည်။

(မြို့နယ်ပြန်/ဆက်)

ရမည်းသင်းမြို့နယ်၌ ပျက်စီးလမ်းများ ပြုပြင်လုပ်ငန်းများ အဆင်ပြေရေး ကွင်းဆင်းကြီးကြပ်

ရမည်းသင်း ဧပြီ ၃၀

ရမည်းသင်းမြို့နယ်တွင် မိုးရာသီ၌ ရေကြီးမှုကြောင့် လမ်းအချို့ပေါ် ရေလွှမ်းမိုး ရေကျော်မှုများ မကြာခဏ ကြုံတွေ့ခဲ့ရကာ လမ်းများပျက်စီးခဲ့ရသည်။ သို့ဖြစ်၍ လမ်းများပျက်စီးမှုကြောင့် သွားလာရေးများ အဆင်မပြေဖြစ်ခဲ့ရသည့်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ယင်းပျက်စီးနေသော လမ်းများ ကောင်းမွန်ရေးအတွက် လမ်းပေါက်ဖာထေး ပြုပြင်မှုများအား ဆောင်ရွက်ခဲ့ကြသည်။

ဆောင်ရွက်ပေး

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးစန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းဝါတို့သည် မေတ္တာလမ်းနှင့် အခြားလမ်းများ လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းများ အဆင်ပြေရေးအတွက် ဧပြီ ၂၈ ရက် နံနက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(၁၁၅)**

ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ် အုတ်မြစ်စီ

စစ်တွေ ဧပြီ ၂၉

ပုဏ္ဏားကျွန်းမြို့နယ် မိုးတိမ်ပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဧပြီ ၂၅ ရက်က အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်ပညာရေးမှူး ဦးမြသန်း၊ အမက ကျောင်းအုပ်ဆရာကြီး ဦးအောင်တင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်ပညာရေးမှူး ဦးမြသန်း၊ ကျေးရွာဥက္ကဋ္ဌနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများက အုတ်မြစ်စီပေးကြသည်။ **(၂၆၄)**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ Dr.ဦးသိန်းထွန်း (ပါမောက္ခ၊ ဌာနမှူး၊ မွေး/ဆေးတက္ကသိုလ်၊ ငြိမ်း)
(Multi Aquaculture & Livestock Trading Enterprise Ltd.)–Dr.ဒေါ်တင်မြအေး
(မန်နေဂျာ၊ မွေး–စား–နို့လုပ်ငန်း၊ ငြိမ်း)တို့၏တစ်ဦးတည်းသောသား

မောင်ကျော်စွာထွန်း B.A (Myanmar)

Third Engineer (Myanma Five Star Line)

နှင့်

ရန်ကုန်မြို့နေ (ဦးအောင်ကြည်မြင့်) [M.D, A.M.M(1) Construction Group)–ဒေါ်ခင်ငွေတို့၏သမီး

မရည်မွန်အောင် B.Arch

တို့၏ ၃–၅–၂၀၀၄(ကဆုန်လပြည့်နေ့)တွင် Yuzana Garden Hotel၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးကံချွန်နှင့်ဇနီးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စွာထွန်း–မရည်မွန်အောင်။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၁၀–၅–၂၀၀၄ ရက်နေ့တွင် ရောက်ရှိသော ချစ်သမီးလေး **မေသီရိခင် (ချောစု)**၏ (၁၃)နှစ်မြောက် မွေးနေ့မှသည် အသက်ထက်ဆုံးတိုင် အနာဂတ်ဘဝ တစ်လျှောက်လုံး ကျန်းမာချမ်းသာပြီး အောင်မြင်မှုများစွာဖြင့် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်သည့် သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါ သည်။

ဖေဖေ – ဦးမောင်မောင် (မျိုးသုခအထူးဆေးကုဌာန)
မေမေ – ဒေါ်လှမြိုင် (စိန်ရတနာဆေးဆိုင်)
အစ်ကိုကြီး– မောင်ရဲကျော်သူ။





ခေါင်းစပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ အမှတ်(၁၄၇)၊ (၈၄)လမ်း၊ ၃၀X၃၁လမ်းနေ ဒေါက်တာဦးညို(အငြိမ်းစား၊ တိုင်းမျက်စိ အထူးကုဆရာဝန်ကြီး)–ဒေါက်တာ ဒေါ်ခင်ခင်ငြိမ်း (တွဲဖက်ပါမောက္ခ၊ မေ့ဆေးဆရာဝန်ကြီး၊ ဆေးတက္ကသိုလ်၊ မန္တလေး)တို့၏တစ်ဦးတည်းသောသား

ဒေါက်တာအောင်ကျော်ဖြိုး

M.B.,B.S (Mdy)

(အလုပ်သင်ဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ မန္တလေး)

နှင့်

မော်လမြိုင်မြို့၊ တောင်ရိုးတန်းလမ်းနေ ရဲမှူးကြီး သိန်းလင်း (မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး)–ဒေါ်ခင်ကြူလှ တို့၏သမီးကြီး

ဒေါက်တာကေရီသိန်းလင်း

M.B.,B.S (Mdy)

(အလုပ်သင်ဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ မန္တလေး)

တို့အား ၂၆–၄–၂၀၀၄ရက်နေ့ မော်လမြိုင်မြို့ ငွေမိုးဟိုတယ်ခန်းမတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး နှင့် ဂုဏ်သရေရှိလူကြီးမင်းတို့၏ရှေ့မှောက်တွင် ခေါင်းစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဒေါက်တာအောင်ကျော်ဖြိုး–ဒေါက်တာကေရီသိန်းလင်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

(၁) **Factory Manager** ကျား (၁) ဦး
(အသက် ၃၅–၄၅နှစ်ဝန်းကျင်ဖြစ်ရမည်။ အနည်းဆုံးဘွဲ့တစ်ခုခုရှိရမည်။ စက်ရုံတွင်နေထိုင်နိုင်သူဖြစ်ပြီး စက်ရုံလုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃နှစ်ရှိသူဖြစ်ရမည်။)

(၂) **Engineer** ကျား (၁) ဦး
(B.E Mechanical နှင့်ကျောင်းပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃နှစ်ရှိသူဖြစ်ရမည်။ (Heavy Vehicle နှင့် Marine Engine ထိန်းသိမ်းနိုင်ရမည်။ အသက်၃၅–၄၅နှစ်ဝန်းကျင်ဖြစ်ရမည်။)

(၃) **Operation & Marketing Manager** ကျား (၁) ဦး
(လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၅နှစ်ရှိသူဖြစ်ရမည်။ အသက်၄၀နှစ်ဝန်းကျင်ဖြစ်ရမည်။ အနည်းဆုံး ဘွဲ့တစ်ခုခုရှိရမည်။)

စိတ်ဝင်စားသူများ မိမိ၏ကိုယ်ရေးအချက်အလက်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ၊ မှတ်ပုံတင်(မိတ္တူ)နှင့် အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ဆက်သွယ်နိုင်သည်။

ဆက်သွယ်ရန်– Winner Brothers International Ltd.
အမှတ်–၂၄/၂၆၊ ဝါးတန်းလမ်းနှင့်ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၂၂၃၃၄၇၊ ၂၂၂၈၇၃၊ ၂၂၁၆၄၇။

Adorn Curtains & Blinds (Tel:723181)
* ခန်းဆီးပိတ်နှင့် တန်းများ၊ ယင်းလိပ်များ အထူးလျှော့ဈေး
* ခေါင်းအုံး၊ ကျောမှီ စသည်များ ကုန်ကျန်ရှင်းငွေပေါ်ဈေး
၄၄၉ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဗဟန်း
(၉:၃၀–၅:၀၀) except Sunday.

အိမ်ငှားလိုပါသည်

အဆင့်မြင့် လုံးချင်း(သို့)ကွန်ဒိုတယ်လီဖုန်း၊ Aircon၊ အသင့်နေနိုင်။ **(ပွဲစားမလို)။**
ဦးကျော်သူ
ဖုန်း–၂၈၀၂၄၅၊ ၀၉ ၅၀၀၀၈၁၃။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာမြန်မာကျပ်ငွေနှင့်ခန့်ထားရန်)

လက်ရှိအောင်မြင်နေသော ဝန်ဆောင်မှုလုပ်ငန်းနှင့် မကြာမီဖွင့်လှစ်မည့် ဝန်ဆောင်မှုလုပ်ငန်းတို့တွင် ရိုးသားကြိုးစား၍ စိတ်အားထက်သန်သော အောက်ပါဝန်ထမ်းများအလိုရှိပါသည်–

(၁) မန်နေဂျာ **ကျား (၂) ဦး**
(က) အင်္ဂလိပ်စာကောင်းစွာပြောဆို ရေးသားနိုင်ရမည်။
(ခ) အသက်၃၀မှ ၄၀နှစ်အတွင်း။
(ဂ) အုပ်ချုပ်မှု အတွေ့အကြုံ အနည်းဆုံး(၃)နှစ်။
(ဃ) နယ်တွင် အမှုထမ်းနိုင်ရမည်။
(င) တက္ကသိုလ်ကောလိပ်မှ ဘွဲ့တစ်ခု (သို့မဟုတ်) အုပ်ချုပ်မှုဆိုင်ရာ ဘွဲ့လွန်/ ဒီပလိုမာတစ်ခုရှိရမည်။
(စ) စီမံ၊ ကွပ်ကဲမှုကျွမ်းကျင်ရမည်။

(၂) လ/ထ မန်နေဂျာ **ကျား (၂)၊ မ (၂) ဦး**
(က) အင်္ဂလိပ်စာ ကောင်းစွာပြောဆို ရေးသားနိုင်ရမည်။
(ခ) အသက်၂၅မှ ၃၀နှစ်အတွင်း။
(ဂ) အုပ်ချုပ်မှု အတွေ့အကြုံ အနည်းဆုံး(၂)နှစ်။
(ဃ) နယ်တွင် အမှုထမ်းနိုင်ရမည်။
(င) တက္ကသိုလ်ကောလိပ်မှ ဘွဲ့တစ်ခုခုရှိရမည်။
(စ) စီမံ၊ ကွပ်ကဲမှု ကျွမ်းကျင်ရမည်။

(၃) အရည်အချင်းအပေါ် မူတည်၍ အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပါမည်။

လျှောက်ထားလိုသူသည် လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ ပညာအရည်အချင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်းတို့နှင့်အတူ အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်နေ့မှ (၂၁)ရက်အတွင်း လျှောက်ထားနိုင်ပါသည်–

သျှင်ပါကူလုပ်ငန်းများကုမ္ပဏီလီမိတက်၊ သျှင်ပါကူအထူးကုဆေးခန်း
အမှတ်(၇၁/၇၃)၊ ဗညားဒလလမ်း၊ ဖိုးစိန်လမ်းထိပ်၊ ဗဟန်းမြို့နယ်။
ဖုန်း–၅၄၈၇၇၉၊ ၅၄၉၈၂၀၊ ၅၅၇၄၄၄။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒုပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၉

ဒေါ်ခင်မာထွေး နှင့် ၁။ဦးအောင်ခင်စိုး
၂။ဦးတင်အောင်စိုး

တရားလို **တရားပြိုင်**

၁။ဦးအောင်ခင်စိုး၊ ၂။ဦးတင်အောင်စိုး အမှတ်(၁၇)၊ (၁၃၅)လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ခင်မာထွေးက အိမ်ခန်းလက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သိုတည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၄ခုနှစ်၊ မေလ (၂၄)ရက် (၁၃၆၆ခုနှစ်၊ နယုန်လဆန်း ၆ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ မတ်လ(၂၂)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်းညွန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

S စူပါဝမ်းကုန်တိုက်သကြ်န်ကာလ ကံစမ်းမဲအထူးအစီအစဉ်မှ ကံထူးသူများစာရင်း

ပထမဆု
29" TV Panasonic
61184

ဒုတိယဆု
SONY VM 330 VCD 60CD Cassette
73295

တတိယဆု
KHIND Washing Machine
152331

စတုတ္ထဆု
SAMSUNG VCD 810 - 122519
SAMSUNG VCD 300 - 113995
SAMSUNG VCD-Z 890 - 10136
SAMSUNG VCD-Z 890 - 31040
SHARP VCD 899 - 70482

ပဉ္စမဆု
787 Multi Cooker
96823,90018,155818,22291,127188

အခြားဆုမဲများ

Fan
164548,17993,72534,24436,95766

Jar Pot
67292,125112,165561,4705,147565

Oven
100422,109251,108966,11480, 97796

Coffee Maker
76724,141038, 33190, 173227, 162089

Dinner Set
152245,110940,144209, 149691,129038, 101113, 54672, 28933

Rice Cooker
138068,39628,31300, 105856,107284, 42874,75767,3118,163453,1518

Blender
27824,136850,14194,109224,155299, 98738,152374,128382,40938,94027, 98325,115416,25454,131146,84141, 65532,134796,17235,68788,49636, 131851, 73859, 100158,160703, 131496, 54909,69907,161806,23837,161176, 135273,10514,63341,129967,119088, 2034,72682,28906,135098,25257

IRON
61243,59009,130660,123614,149334, 77382,151713,174371,33060,124816, 171889,82207,37988,103615,140857, 158158,16354,156276,66689,160942,170279, 155717,168195,121251,144186,122993, 115995,99309,26639,71663,140167,138844, 47048,121813,104441,132782,42438,

IRON
2029,120817,67788,109060,131297 97612,119905,147761,173205,116317 34422,86071,81500,138772,52745 66748,79209,9666,41916,30439 36462,13762,94498,25775, 175981 112605,11073, 103663, 32560,176454 78538,152315,124925,86472,18099, 73812,51807,41631,96989, 39615, 35615, 33821,127936

Flask
75973, 67806,152328,85084,43375, 52922, 62056, 94714, 57036, 146982, 112684,79949, 24457,176312, 35011, 90417, 27557,74401,69808, 92416, 136979,134433,43181,162098,59343, 98259,83927,122577,123838,22564

"ဈေးဝယ်လျှင်စူပါဝမ်းမှာမှ စိတ်ချရပါတယ်"

✱ ဆုမဲများကို အမှတ်-၈၆၊ ၁၂၃လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် (၁၀-၅-၀၄ မှ ၃၁-၅-၀၄) အထိ တနင်္လာနေ့မှ စနေနေ့ နံနက်(၉)နာရီ မှ ညနေ (၄)နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့
လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရုပ်သံကျွမ်းကျင်(၂) (သို့မဟုတ်) အသံလွှင့်ကျွမ်းကျင်(၂) (လစာနှုန်း ကျပ် ၅၄၀၀-၁၀၀-၅၉၀၀)ရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်းတွင် အင်္ဂလိပ်စာကို ဂုဏ်ထူးဖြင့်အောင်မြင်သူများ(သို့မဟုတ်) အင်္ဂလိပ်ဘာသာအဓိကဖြင့် တက္ကသိုလ်တက်ရောက်နေသူများ(နေ့ပိုင်း) (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်မြင်၍ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောကျွမ်းကျင်၍ တက္ကသိုလ်တစ်ခုခု(နေ့ပိုင်း)တွင် တက်ရောက်နေသူများ
(ဂ) အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အထက်ပါသတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများအား အောက်ပါအတိုင်းအကျိုးခံစားခွင့်ပြုမည်။
(က) တက္ကသိုလ်(နေ့ပိုင်း) သို့ တက်ရောက်ခွင့်ပြုပြီး ကျောင်းပြီးသည့်အထိ လစာကျပ် ၄၈၀၀ိ/-ကို လစဉ်ခံစားခွင့်ပြုမည်။
(ခ) စာမေးပွဲကျရှုံးပါက ထောက်ပံ့ကြေးအားလုံးကို ပြန်လည်ပေးလျော်ရမည်။
(ဂ) ကျောင်းပြီးပါက ရုပ်သံကျွမ်းကျင်(၂) (သို့မဟုတ်) အသံလွှင့်ကျွမ်းကျင်(၂) (လစာနှုန်းကျပ် ၅၄၀၀-၁၀၀-၅၉၀၀)ရာထူးတွင် ခန့်ထားမည်။
(ဃ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်ရမည်။ ပျက်ကွက်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်းခံရပါက ကျပ် ၂၅၀၀၀၀၀/-(၂၅)သိန်း ပေးလျော်ရမည်ဖြစ်ကြောင်းကတိခံဝန်ချက်ရေးထိုးရမည်။
(င) လုပ်ငန်းတွင် ထူးချွန်ပါက ပြည်ပသင်တန်းများသို့ စေလွှတ်သင်ကြားပေးမည်။

၄။ လျှောက်လွှာကို အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်သို့ ၁၀-၆-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။
(က) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်း မိတ္တူ
(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့်ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း
(ဂ) လိုင်စင်ဓာတ်ပုံ(၂)ပုံ(ဓာတ်ပုံနောက်ကျောတွင် အမည်နှင့်အမျိုးသားမှတ်ပုံတင်အမှတ်ရေးသားရန်)
(ဃ) မြို့နယ်အလုပ်သမားညွှန်ကြားရေးမှူးဦးစီးဌာနရုံးတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခ ပုံစံ(၂)ဓာတ်ပုံမိတ္တူ(၁)စောင်
(င) ဝင်ကြေးငွေကျပ် ၁၅၀/-ပေးသွင်းသည့် ချလန်မူရင်း(သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order)ပြေစာမူရင်း

၅။ စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၅၀/-ကို ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)ငွေစာရင်းအမှတ် အမ်ဒီ-၀၀၁၉၃၆သို့လည်းကောင်း၊ ကျန်ပြည်နယ်/တိုင်းမြို့နယ်များအတွက် သက်ဆိုင်ရာစာတိုက်မှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order)ဖြင့် ပေးသွင်းရမည်။

၆။ အသေးစိတ်အကြောင်းအရာများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရုံးချုပ်) တယ်လီဖုန်းအမှတ်-၅၂၇၁၂၂ (လိုင်းခွဲ-၁၄၅)သို့ စုံစမ်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါကြော်ငြာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အမှိုက်သိမ်းဒီဇယ်တစ်ပါယာဉ်(၅)တန် (အသစ်)(၁၀)စီး ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များမှ ချိပ်ပိတ်တင်ဒါများ အလိုရှိပါသည်။

တင်ဒါစတင်လက်ခံမည့်နေ့-၁၅-၅-၂၀၀၄
တင်ဒါပိတ်မည့်နေ့/အချိန်-၃၁-၅-၂၀၀၄ (၁၆း၀၀)နာရီ
တင်ဒါလက်မည့်နေရာ-စက်ရုံနှင့်မော်တော်ယာဉ်ဌာန

တင်ဒါစည်းကမ်းချက်တစ်စုံလျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၈၀၁၅၇သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး
စက်ရုံနှင့်မော်တော်ယာဉ်ဌာန

Ph: 292260

ဈေးနှုန်းလွှာများ(Quotation)ခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်ဈေးနှုန်းလွှာများ ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းလွှာအမှတ်**	**ပစ္စည်းအမျိုးအမည်**	**အရေအတွက်**
1(Q)/LP/UREA BAG/ MPE/2004-2005	(က)W P P Bag	- ၁၅၀၀၀၀၀ အိတ်
	(ခ)L.D.P.E. Bag	- ၁၅၀၀၀၀၀ အိတ်
	(ဂ)Vinylon Sewing Thread (1) Kg.	- ၁၂၀၀လုံး

၃။ **ပိတ်ရက်** - (၁၉-၅-၂၀၀၄)-(၁၆း၀၀)နာရီ

၄။ အသေးစိတ်အချက်အလက်များပါရှိသည့် တင်ဒါစာအုပ်ကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း(၁)အုပ်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၅။ စုံစမ်းရန် ဖုန်း-၂၂၁၀၄၇၊ ၂၂၁၀၈၂၊ ၂၂၁၃၇၃။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန။

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ကြေညာချက်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)တွင် ဤဦးစီးဌာန၏စီစဉ်ကြီးကြပ်မှုဖြင့် ယုဇနဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသော ဒဂုံရတနာအိမ်ရာစီမံကိန်းဧရိယာအား ဒဂုံမြို့သစ်တောင်ပိုင်း၊ စက်မှုဇုန်(၃)၏ စီမံခန့်ခွဲမှုအောက်တွင် ထည့်သွင်းပြီးဖြစ်၍ စက်မှုဇုန်တစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဈေးကွက်ဝင်ဖျော်ရည်မျိုးစုံ စီးပွားဖြစ်ထုတ်လုပ်နည်းသင်တန်း(သီးသန့်)
(14-5-2004) မှ (20-5-2004) ထိ
(22-5-2004) မှ (28-5-2004) ထိ
(8:30 - 12:00)
Cordial, Syrup, Energy Drink
ဖုန်း 01-662129, 690264

MLA INTERNATIONAL
ENROLL NOW
Nursery
9 : 30 AM - 3 : 30 PM
(Monday - Friday)
Regular classes
Kg to Grade 7
8:00AM -2:00PM
(Monday - Friday)
WEEKEND (SAT/SUN)
9 : 00 AM - 12 : 00 PM
12 : 30 PM - 3 : 30 PM
No.64, Golden Valley Road, Bahan Township, Yangon, Myanmar.
Ph : 01-527006, 01-705066.

Vacancies
(For Local Service Only)
A leading inbound operator and ticketing agency need
1. Sales Person for Inbound Section (Male / Female) (2 Posts)
with the following qualification.
-able to use computer, Microsoft word & Excel
-able to write fluently in English and communicate with foreign agents by e- mail.
-send question and information to foreing agents by e-mail.
-past experience in similar work is an advantage.
-Written and spoken Japanese is an advantage.
2. Counter Staff for Ticketing Section (Male / Female) (2 Posts)
-able to speak fluently in English.
-provide services to Expatriate clients through spoken English
-able to use computer, Microsoft word & Excel.
-past work experience not required.
Please send your CV and labour registration(within 7 days of this advertisement) to
Columbus Travels
586, Strand Road, corner of 7th street, lanmadaw.

FEATURE
NEW HOME UPS INVERTER
• 700 W Hair Dryer သုံးနိုင်သည်။
• 29" TV
• 150 - 250 V
(NEW HOME UPS INVERTER)
FEATURE Electronic
Tel : 09 80 30493, 251515

ကုမ္ပဏီလစ်မိတက်
သင်တန်း(၂၂-၅-၀၄)

Honey Moon
မြို့တွင်း၊ ပြင်၊ လချုပ် ကားမျိုးစုံ ငှားသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။ ဖုန်း-၀၉၅၀၁၈၈၆၇၊ ၂၄၀၈၃၂၊ ၂၈၇၁၂၉။

SOONIRAM PARK LANGUAGE CENTRE
(REGULAR CLASSES)
English Four Skills
Grammar , Vocab;
Computer CD Rom
School Text Book
(Weekend & Weekdays)
(9:00 am to 11:30 am)
(12:30 pm to 3:00 pm)
(PRE -SCHOOL)
(Age 2 1/2 to 5 Years)
(Monday to Friday)
(9:00 am to 3:00 pm)
ကျောင်းအပ်လက်ခံပြီ
3D ,Kanbe Road ,Thukhawady ,Yankin ; Ph : 578167

Honda 3.6KV, EP.4000

တိုက်ခန်းငှားမည်
ကန်တော်လေး၊ (၉၃)လမ်း၊ (၃)လွှာ၊ HT ၁၃'x၅၀'၊ ရေမီးစုံ၊ ဖုန်းပါ၊ ပွဲစားမလို။ ညနေ ၆း၀၀နာရီမှ နံနက် ၉း၀၀နာရီအတွင်း။ ဖုန်း-၃၈၂၅၆၉။

ပိဋကတ်အနှစ်ချုပ် သုတ္တနိပါတ်

Ph : 539998

Ruby Car Rental
☎ 725317, 650823
Saloon, Van, Hilux, Publica

MCC
ကွန်ပျူတာ အခြေခံသင်တန်း
Software Engineering, Network Engineering, Web Developer Courses
MCSA Exam:
အင်တာနက်နှင့် အီးမေးလ်သင်တန်း
mail4u e-mail Account

G.Link Computer
Office XP, DTP, Access
Visual Basic, C++, JAVA
Special Effects, ACCPAC, AutoCAD
Hardware Course (A+), Graphic Design Course
Ph : 240622, 243982

တိတ်စိန်ရွှေဆိုင်

ပြောင်းလဲခေါ်ပါရန်

အင်းစိန်၊ အထက(၄) ဆဋ္ဌမတန်း (က)မှ ဦးမောင်မောင်နိုင်၏ သမီး မခိုင်ပပမွန်အား ယနေ့မှစ၍ မခိုင်ခိုင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်ခိုင်ကျော်။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါက်တာဦးအောင်
ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာဦးအောင်သည် ၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဓာတုဗေဒမိသားစု၊ မကွေးတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ်(မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ်(မြင်းခြံ) အသက်(၇၉)နှစ်သည် ၆-၅-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာစာအဖွဲ့ဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ်(မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ်(မြင်းခြံ) အသက်(၇၉)နှစ်သည် ၆-၅-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုအောင်သန်းဦး ကိုင်ဆောင်သော အမျိုးသားမှတ်ပုံတင် [၈/ပခက(နိုင်)၁၆၂၅၃၃]နှင့် ယာဉ်မောင်းလိုင်စင် ခ/၅၆၁၂/၈၇ ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

၀၉ ၅၀၀ ၇၉၇၄၊ ၅၃၅၉၈၇။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဘ/၄၅၈၂ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

NPE
စာပေချစ်မြတ်နိုးသူများအတွက်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
စာအုပ်ဆိုင်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
☎ ၂၉၄၃၀၆

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးစောဖော်တာလူး(နာယက)
အသက်(၇၆)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း၊ဆည်မြောင်း)
(ကန်တော့ခံသက်ကြီး)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အမှတ်၅၀(ခ)၊ တောင်သူကုန်းနေ (ဒေါ်ဟယ်လင်)၏ခင်ပွန်း၊ ဦးစောဖော်တာလူး ရာသက်ပန်အသင်းဝင်အမှတ်(၂၇)သည် ၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်၍ ၈-၅-၂၀၀၄(စနေနေ့)တွင် ယုဒသန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုပြီး ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ

ဦးရွှေ(၇၄)နှစ်
ကရဝိက်၊ ဆီစက်၊ ဆန်စက်
(ကဝမြို့)

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရန္တဗိုလ်လမ်းနေ (ဦးအောင်လှ-ဒေါ်အေးကျင်)၊ (ဦးထွန်းအောင်-ဒေါ်ဖွားတင်) တို့၏သားသမက်၊ ဒေါ်စန်းကြည်၏ ခင်ပွန်း၊ (ဦးအောင်ကြည်)-ဒေါ်တင်မာရီ၊ ဦးတင့်လွင်-ဒေါ်သန်းသန်းအေး၊ ဦးသိန်းဌေး-ဒေါ်အေးအေးသင်၊ ဦးသန်းထွန်း-ဒေါ်လှဌေး၊ ဗိုလ်မှူးအောင်ဝင်း-ဒေါ်မြင့်မြင့်အေးတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး ဦးရွှေသည် ၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၀၄ရက်တွင် ကဝသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ခင်စိန်
(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၃-လမ်း၊ အမှတ်(၁၂)နေ ရာသက်ပန်အသင်းဝင်များ ဖြစ်ကြသော ဦးနောင်ထွန်းလွင်-ဒေါ်တင်အေးမြင့်၊ ဦးညီညီထွန်းလွင်-ဒေါ်ယဉ်ထွန်းလွင်တို့၏ မိခင်၊ ရာ/အသင်းဝင် ဒေါ်ခင်စိန်သည် ၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈-၅-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ခရစ်တော်၌ အိပ်ပျော်ခြင်း

Daw Kyi Kyi Aye
B.A(Hist)
အသက်(၂၆)နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့၊ ဗလိုင်ရပ်ကွက်နေ Pu Lian Che နှင့် Pi Dar Hei တို့၏သမီးထွေး၊ Mah Ni Ni(မြို့နယ်စည်ပင်)၊ Pi Hniang Sung၊ Pi Cherry-Pu Htoo Htoo(အိမ်အမှတ် ၅/၁/၆၀၊ ဂန္ဓမာလမ်း၊ ရွှေပြည်သာ၊ ရန်ကုန်)၊ Salai Tin Cungတို့၏ညီမ၊ langiang၊ Maung Lay၊ San Naing Htoo၊ Alice Htoo တို့၏ ဒေါ်လေး၊ Pi Dar Cia-Pu Za Uk(Tlangrua)၊ Pi Di Thluai-Rev. Timothy Pa Hrang (Myanmar) Council of Churches, Yangon)တို့၏တူမ၊ Pu Van Bik Thawng ၏ချစ်လှစွာသော ဇနီး၊ Dannis Thawng ၏မိခင်သည် ၇-၅-၂၀၀၄ရက်နေ့ ည၈း၃၀နာရီ၌ ဖလမ်းပြည်သူ့ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၅-၂၀၀၄ရက် ညနေ ၃နာရီတွင် ဖလမ်းနှစ်ခြင်းခရစ်ယာန်သင်္ချိုင်း၌ မြေမြှုပ်သဂြိုဟ်ပြီးပါကြောင်း၊ ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးချမ်း
အသက်(၇၈)နှစ်
(ကသာ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ်၄၄(ဒီ)နေ (ဦးချူ-ဒေါ်ကြည်)တို့၏သား၊ဒေါ်လန်း၏ ခင်ပွန်း၊ ဦးစံဝင်း-ဒေါ်သီတာဝင်း၊ ဦးသိန်းဝင်း-ဒေါ်ရီရီဆွေ၊ ဦးကျော်ဝင်း-ဒေါ်လှဲလှဲဆွေ၊ ဦးစံထွန်း-ဒေါ်လှဲလှဲဝင်း၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်ခင်မြင့်၊ ဒေါက်တာစံရွှေ-ဒေါ်ဖြူဖြူဆွေတို့၏ မွေးသဖခင်၊ မြေး(၁၂)ယောက် တို့၏ အဘိုးသည် ၆-၅-၂၀၀၄ နေ့တွင် ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၃း၀၀ နာရီတွင် အလုပ်သမားဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်ဝင်းသီဟ
အသက်(၁၉)နှစ်
ဒုတိယနှစ်(စီးပွားရေး)
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
အထက-၄
အလုံကျောင်းသားဟောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ်(၁၀၃)နေ (ဦးလှညွှန့်)-ဒေါ်မြသောင်း၊ (ဦးမာမှုကာကာ-ဒေါ်တင်ကြည်)တို့၏ မြေးဦး၊ ဦးမြင့်သူ-ဒေါ်ခင်ထွေးတို့၏ ချစ်လှစွာသော သားကြီး၊ မောင်အောင်မင်းမြတ်၊ မောင်စည်သူအောင်(VI-A အထက-၄၊အလုံ)တို့၏ အစ်ကိုသည်၈-၅-၂၀၀၄ နံနက် ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီး ကျောက်ကပ်ဌာနတွင် ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၀၄ နံနက် ၁၀ နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အုံးမေ
အသက်(၆၈)နှစ်
(မိုးကုတ်၊ ကျပ်ပြင်)

မိုးကုတ်မြို့၊ ကျပ်ပြင်၊ မြို့မရပ် ဦးကံ-ဒေါ်စိန်ဥတို့၏ သမီး၊ ဦးလှဖေ-ဒေါ်အေးခင်တို့၏ ချွေးမ၊ ဦးကျော်စိန်-ဒေါ်သန်းစိန်၊ ဦးစံမောင်-ဒေါ်ထွေးရင်တို့၏ ညီမ၊ ကိုဦးကို-ဒေါ်ငွေရင်၊ ဒေါ်ခင်မိုတို့၏ အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၁၇)၊ အခန်း(၂၀၂)၊ မြတ်မင်္ဂလာလမ်း၊ စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ်မြို့နေ ဦးတင်အောင်၏ ဇနီး၊ ကိုထွန်းထွန်းဦး-မမေလွင်အောင်၊ မောင်မြင့်သိန်းအောင်- နော်စေးရာဘွားတို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၇-၅-၂၀၀၄ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ၁၃၃(A)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းနေ ဦးဗိုလ်နီ-ဒေါ်ကြည်ကြည်တို့၏သား၊ ဦးမြင့်တိုး - ဒေါ်နွဲ့နွဲ့ဝင်းနီတို့၏မောင်၊ ဒေါက်တာဖော်ဝင်းနီ၏ညီ၊ ဒေါ်သန်းကြည်၏တူ ဦးကျော်ဝင်းနီသည် ၆-၅-၂၀၀၄ ရက် နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်ပြီး ယင်းနေ့ နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ကွယ်လွန်သူ၏ ဆန္ဒအရ မီးသဂြိုဟ်ပြီးစီးပါကြောင်းနှင့် ဦးကျော်ဝင်းနီ မကျန်းမာစဉ်က ပြုစုကုသပေးခဲ့ကြသော ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ရက်လည်ဆွမ်းသွတ် တရားနာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပေါ (၇၉)နှစ်

(မြင်းခြံ)

မြင်းခြံမြို့၊အမှတ်(၃)ရပ်ကွက်နေ (ဦးထွန်းနိုင်-ဒေါ်ဖွားအုံ)တို့၏သမီး၊ (ဦးတင်မောင်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)၏ဇနီး၊ ရန်ကုန်မြို့နေ ပညာရေးစီမံကိန်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးဘိုဝင်း-ဒေါ်ခင်မော်၊ ဦးအုန်းမောင်-ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးခင်မောင်အေး-ဒေါ်လှလှဝင်း၊ဗိုလ်ကြီးသန်းဆွေဝင်း(မြန်မာ့ကြယ်ငါးပွင့်သဘော်္ဘာလုပ်ငန်း)-ဒေါ်စိုးပပ၊ ဦးဝင်းမြင့်သိန်း-ဒေါ်သန္တာဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၆-၅-၂၀၀၄ရက်တွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၅-၂၀၀၄ရက်နံနက်၉နာရီတွင် ရွာဇီ၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေး ရပ်နီးမှဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ပေါ(မြင်းခြံ) (၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါသည် ၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲ ရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ပေါ(မြင်းခြံ) (၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ (မြင်းခြံ) အသက် ၇၉နှစ်သည် ၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါကြောင်း။ **ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန။**

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးအောင်

ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ကျေးဇူးရှင်ဆရာကြီး ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ခုအဖြစ် မိသားစုနှင့်ထပ်တူ ကြေကွဲစွာခံစားရပါသည်။

ရွှေစင်ဦး၊ ညွှန့်ညွှန့်ဝင်း၊ သီတာ၊ ဝင်းအောင်၊ မိုးဥမ္မာ
ပါရဂူကျမ်းပြု(ပထမနှစ်)ဓာတ်ခွဲဓာတုဗေဒတပည့်များ။

မော်လမြိုင်ကျွန်းမြို့နယ်အသင်း

သခင်သိမ်းထွန်း (၈၆)နှစ်

နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်
(မော်လမြိုင်ကျွန်း)

မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၁)ရပ်ကွက် အမှတ်(၄)၊ အောင်ဆန်း(၄)လမ်းနေ ရာသက်ပန်အသင်းဝင် ဒေါ်နီနီနွယ် (ဦးစီးအရာရှိ၊ အကောက်ခွန်)၏ ဖခင် ရာသက်ပန်အသင်းဝင် သခင်သိမ်းထွန်းသည် ၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်၍ ၉-၅-၂၀၀၄ရက်တွင် မော်လမြိုင်ကျွန်း သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးကြောင်း အသင်းသားများအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဦးတင်ယု(၈၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ အမှတ်(၁၉)နေ (ဦးဘိုးဟိန်-ဒေါ်ကောက်)တို့၏သား၊ (ဒေါ်လှကြည်)၏ခင်ပွန်း၊ (ဒေါ်သန်း)၏မောင်၊ ဦးမောင်ကြွယ်-ဒေါ်ခင်ခင်၊ ဒေါ်မြကျင်တို့၏ အစ်ကို၊ ဦးထွန်းလွင်-ဒေါ်စန်းစန်းလှ၊ ဦးကိုလေးမြင့်-ဒေါ်လှလှဝင်း၊ ဒေါ်ယုယုဝင်း၊ ဦးမျိုးညွှန့်-ဒေါ်စန်းစန်းချို၊ ဦးသန်းလှိုင်-ဒေါ်ရီရီချို၊ ဦးကျော်မင်း-ဒေါ်ခင်ကြူလွင်၊ ဦးမျိုးလှိုင်-ဒေါ်ငုဝါခိုင်တို့၏ဖခင်၊မြေး၁၀ယောက်တို့၏ အဘိုးသည် ၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်အေး(၆၂)နှစ်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၆၉)နေ (ဦးသိန်းဖေ-ဒေါ်သိန်းရင်၊တောင်ငူပဲလှော်)တို့၏သမီး၊ အမှတ်(၁၀၁)မင်္ဂလာသီရိလမ်း၊မြို့သစ်ရပ်၊ ဒေါပုံမြို့နယ်နေဦးအောင်မင်း၏ဇနီး၊ ဦးမြသန်းတင်-ဒေါ်စန်းမြင့်ရီ၊ ဦးထွန်းထွန်း-ဒေါ်မာလာဆွေ၊ ဦးစိန်လှိုင်-ဒေါ်နွယ်နွယ်တို့၏မိခင်၊မြေးခုနစ်ယောက်တို့၏ အဘွားသည်၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဆွေတင် (၅၆)နှစ်

(B.Com)
စိန်ရုံ-ပွဲရုံ(ဘုရင့်နောင်)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၁၃)၊ ၉လမ်းနေ (ဦးဘရုံ-ဒေါ်ကျင်သိုက်)တို့၏ သား၊ (ဦးကြည်)-ဒေါ်ကျင်မြတို့၏တူ၊ ဦးကျော်မြင့်-ဒေါ်လှလှမြင့်၊ ဦးမျိုးချစ်-ဒေါ်ဆွေဆွေမြင့်၊ကိုသန့်ဇင်တို့၏အစ်ကို၊ မမြင့်သီတာယု၊ မနီလာယု (Y.T.U)၊ မကျော့ခိုင်ဇင်၊ မောင်မှူးထက်မျိုး၊ မောင်အာဂချစ်တို့၏ဘကြီးသည် ၈-၅-၂၀၀၄ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄ (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်း၊တံတိုင်း အမကြီး

အဖွားနွဲ့ (၁၀၁)နှစ်

(မိတ္ထီလာ)

မိတ္ထီလာမြို့နယ်၊ တောမအုပ်စု၊ ချောက်ပင်ကျေးရွာနေ ဦးထွန်းရှိန်-ဒေါ်စောကြည်တို့၏မိခင်၊ ဦးသောင်းကြွယ်၊ ဦးဝင်းမြင့်၊ မကျင်မိ၊ မရွှေမိ၊ ထီလာခင်လှိုင်(ရုပ်ရှင်ဗီဒီယိုရိုက်ကွင်းစီစဉ်သူ)၊ မငွေးငွေးမြင့်၊ မနီနီဝင်း (အထက-ချည်စက်)တို့၏ အဘွား၊ မြစ်ငါးယောက်၊ တီသုံးယောက်တို့၏ အဖွားနွဲ့သည် ၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅-၅-၂၀၀၄ရက်တွင် ချောက်ပင်သုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်းကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယိကာမကြီး

ဒေါ်ခင်ခင် (၉၆)နှစ်

(ပျဉ်းမကန်ရွာ)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ အမှတ် ၁၀(ခ)၊ ဧဝကလမ်းနေ (ဦးစောလှိုင်-ဒေါ်စိန်းညွှန့်)တို့၏ သမီးကြီး၊ (ဦးစိန်ခို) (ဦးစိန်ခိုနှင့်သားများ အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်ကုမ္ပဏီပိုင်ရှင်)၏ဇနီး၊ ဦးရဲထွဋ် (ညွှန်မှူး၊ ငြိမ်း၊အကြံပေးအရာရှိ၊ ပြည်တွင်းအခွန်)-ဒေါ်တင်တင်ရွှေ(ခ)မယု (ထားဝယ်)၊ ဒေါ်ခင်သီရိ - ဦးတင်မောင်မောင် (နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ မိခင်၊ မခင်သွယ်သွယ်ထွဋ်၊ မစောဧကရီထွဋ်-ကိုကျော်သီဟ၊ မလှိုင်ရွှေစင်ထွဋ်၊ မအေးမြတ်မြတ်စံ၊ မအေးသန္တာမောင်၊ မမေမြတ်မွန်မောင်တို့၏ အဘွားသည် ၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဧဝကလမ်း နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမြေးများ။

ဒေါ်ခင်ခင်အေး (၆၂)နှစ်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၆၉)နေ (ဦးသိန်းဖေ-ဒေါ်သိန်းရင်၊ တောင်ငူပဲလှော်)တို့၏ သမီး၊ ဦးမျိုးညွှန့်-ဒေါ်ခင်ခင်ရီ၊ (ဦးတင်မောင်)-ဒေါ်ခင်ခင်ကြည်တို့၏ ညီမ၊ ဦးချစ်ညွှန့်-ဒေါ်ခင်ခင်ငွေး၊ ဦးတင်ထွန်း-ဒေါ်မြမြငွေး၊ ဦးကျော်လှိုင်-ဒေါ်ငွေးငွေးရီ၊ ဦးမျိုးညွှန့်-ဒေါ်လှလှငွေးတို့၏အစ်မ၊ အမှတ်(၁၀၁)၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်၊ ဒေါပုံမြို့နယ်နေ ဦးအောင်မင်း၏ဇနီး၊တူ၊ တူမ၂၀ယောက်တို့၏ အဒေါ်၊ မြေးခုနစ်ယောက်၏ အဘွားသည် ၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄ (တနင်္လာနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်လှကြည်(၈၈)နှစ်

(မအူပင်/စမ်းချောင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၄)ရပ်ကွက်၊အမှတ်(၃၂၃)၊ ရွှေစင်လမ်းနေ (ဦးအေးမောင်-ဒေါ်ပု)တို့၏သမီး၊ (ဦးမြသန်း)၏ဇနီး၊ ဦးမြင့်ဆွေ (မြတ်ငြိမ်း)-ဒေါ်သန်းသန်းအေး (Kathleen)၊ ဦးကံညွှန့်(R.T.M)-ဒေါ်သန်းသန်းငွေး (Dolly)တို့၏မိခင်ကြီး၊ ဒေါ်မွန်မွန်ရည်ဆွေ(Lasource Trading Ltd)၊ဦးမြင့်ရှိန်-ဒေါ်စန်းမာလာညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ ကိုအေးလွင်-မသင်းသင်းအေးဆွေ၊ ကိုကျော်သူရ၊ မချိုချိုလွင်ဆွေ၊ မအေးမြ ခိုင်တို့၏ အဘွား၊ အေးမြတ်ငြိမ်း၊ သိဏ်းအုပ်ညီညီ၊ ပိုင်မြတ်ငြိမ်း၊ ကောင်းထက်ရှိန်၊ ရဲသွေးညီညီ၊ အောင်ခန့်ရှိန်တို့၏ ဘွားဘွားကြီးသည် ၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွား ပါ၍ ၁၁-၅-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးကြည်(၈၈)နှစ်

မန္တလေးတိုင်း၊ (၆၃)လမ်း၊ ၃၀x၃၁လမ်းကြား၊ နယူးစီဗွီလိုင်းရပ်၊ အမှတ်(၁၁-ခ)နေ (ဦးကိုကိုကြီး၊စက်ရှင်တရားသူကြီး)၏ဇနီး၊ ဦးရည်လွင်ညို-ဒေါ်သီတာမွန်(ပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ တောင်ကြီးတက္ကသိုလ်)၊ ဦးစိုးမြင့်(ဦးစီးအရာရှိ၊ ငြိမ်း၊ ဆမ)-ဒေါ်ခင်သန်းငွေး(ငြိမ်း၊ မနနလ ဆေးရုံ)၊ ဦးတိုးမြင့်(ဦးစီးအရာရှိ၊ဆမ)-ဒေါ်အမာတင်၊(ဦးတင်မောင်ငွေး)-ဒေါ်နီနီ(ငြိမ်း၊မနနလဆေးရုံကြီး)၊ ဦးဗိုလ်ဗိုလ်(ဦးစီးအရာရှိ၊ ငြိမ်း၊ ဆမ)-ဒေါ်တင်ပိုင်(မတင်ပိုင်လက်ဖက်၊ဈေးချို)၊ ဒေါ်မီမီ(ဒု-ဦးစီးမှူး၊ဆမ)၊ (ဦးချိုချို)တို့၏မွေးသမိခင်၊ မြေးကိုးယောက်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၉-၅-၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ကြာနီကန် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးရဲ (၅၅)နှစ်

CDC-4056
Mariner Shipping

ပုသိမ်မြို့၊ပြင်ခရိုင်ရွာနေ (ဦးအုန်းမြိုင်-ဒေါ်ခင်ညွှန့်)တို့၏ သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်နေ (ဦးသိန်းမောင်-ဒေါ်အေးစိန်)တို့၏ သားသမက်၊ ကြည့်မြင်တိုင်၊ အိုးဘိုပွဲစားလမ်း၊ အမှတ်(၁၅)နေ ဒေါ်စမ်းလေး(လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)၏ ခင်ပွန်း၊ ဦးစောလှိုင်-ဒေါ်ခင်ဆွေတို့၏ ညီ/မောင်၊ ဦးတင်ဝင်း-ဒေါ်ခင်ဆွေ၊ (ဦးမြင့်သိန်းမောင်)-ဒေါ်အေးသိန်း၊ ကိုရွှေအေး၊ ဦးသော်ဝင်း-မကြည်ကြည်ငွေးတို့၏ အစ်ကို၊ တူ၊ တူမ ၁၅ ယောက်၊ မြေးလေးယောက်တို့၏ အဘိုးသည် အာရှတော်ဝင်အထူးကုဆေးခန်း၌ ၈-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ကြည်(ခ)

Rose Gwan Chai

အသက်(၈၇)နှစ်
ဆရာမကြီး(ငြိမ်း)
မြို့မအမျိုးသား/သမီးကျောင်း

ဖြူးငွမ်ချိုင်-ဒေါ်ငြိမ်းရင်တို့၏ သမီးကြီး၊ ဦးထွန်းမောင်(အငြိမ်းစား၊ ထောင်ပိုင်ဝန်)၏ ဇနီး၊ (ဦးအောင်ကျော်ဇော)-ဒေါ်တင်ရီ၊ (ဒေါက်တာမောင်ဖြူး)-ဒေါက်တာမာရီဖြူး၊ ဦးအေးမောင်-ဒေါ်တင်မေသိန်း၊(ဗိုလ်ကြီးလှငွေးအောင်)-ဒေါ်မြင့်မြင့်ရှိန်၊ ဒေါ်အေးအေးသိန်း၊ ဒေါ်ခင်မြင့်မြင့်တို့၏ အစ်မကြီး၊ လှိုင်မြို့နယ်၊စပယ်ခြံ(၃)လမ်း၊အမှတ်(၈/၁၇၅) နေ ဒေါ်ယဉ်ယဉ်ထွန်း(အထက-၄၊ လှိုင်)၊ ဦးကိုကိုထွန်း(မြန်မာ့သစ်လုပ်ငန်း၊ ပုသိမ်)၊ (ဦးညီညီထွန်း၊ မြန်မာ့သစ်လုပ်ငန်း) တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်ကြည်သည် ၆-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးနေဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင်စိန်(၅၉)နှစ်

မြို့နယ်မန်နေဂျာ
မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်(ငြိမ်း)
(ပျဉ်းမနား)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၁)ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၁၅၅) နေ (ဦးစိန်ညွှန့်-ဒေါ်နှင်း)တို့၏သား၊ လှည်းကူးမြို့နယ်၊ ဝါးရုံစွန်းရွာနေ (ဦးစိန်မောင်)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ [ဒေါ်သန်းလှ(အလှ)၊ လ/ထမန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်၊ ငြိမ်း]၏ ခင်ပွန်း၊ မဇင်မာထွန်း(B.A, Hist)၊ မောင်ရဲဝင်းကျော် (ဒု-နှစ် Eco)တို့၏ မွေးသဖခင်သည် ၉-၅-၂၀၀၄ရက် နံနက်၂း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရှု(ခ)ဒေါ်သီတာ(၆၂)နှစ်

(ကွမ်းခြံကုန်း)

ကွမ်းခြံကုန်းမြို့နေ(ဦးဘစိန်-ဒေါ်ချော)တို့၏ သမီး၊ [ဦးဝင်းစိန်(ခ)ဦးဘွန်စိန်]၏တူမ၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၈)လမ်း၊အမှတ်(၇၁)၊ပထမထပ်နေ ဦးမြသန်း-ဒေါ်ခင်အေးသူ(ဘားအံ) တို့၏ညီမသည် ၈-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

လင်ကာကီး(ခ)ဦးကာကီး

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊အမှတ်(၁၄၁)၊ ဒုတိယထပ်နေ ခေါ့ဘိဂိတ်(ခ)ဒေါ်တင် တင်ဝင်း၏ခင်ပွန်း၊ လင်ဟုအန်း(ခ)အော်ကလား (ခ)မောင်သန်းဝင်းမြင့် - မလှလှနွယ်၊ လင်ပို့ပို့(ခ)မစန်းစန်းမြင့်(သံဈေး)၊ လင်ပို့ဟု(ခ)မောင်အောင်သန်းဝင်း(ခ) ရှိုးတီ(သံဈေး)၊လင်ပို့ဖွေ(ခ)မခင်စန်းဝင်းတို့၏ ဖခင်သည်၈-၅-၂၀၀၄ရက်တွင်ကွယ်လွန် ပါ၍၁၀-၅-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်မေ(၆၄)နှစ်

(ကန်တော်ကလေး၊မင်္ဂလာတောင်ညွှန့်)

ရန်ကုန်မြို့၊ အမှတ်(၃၂)၊ ၆-လွှာ၊ လမ်း(၉၀)နေ (ဦးအောင်တင်-ဒေါ်နှင်းရင်)တို့၏သမီး၊ဦးမြင့်လွင်-မသီတာကြိုင်တို့၏မိခင်၊ မကျော့ကျော့လွင်၊ ဝိုင်းနန္ဒာလွင်၊ ဆုမြတ်ထူးတို့၏ ချစ်လှစွာသော အဘွားသည် ၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ချို

အသက်(၅၄)နှစ်
B.V.S တိ/မွေးကုဆရာဝန်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊အမှတ်(၂၃/B)နေ ဝဏ္ဏကျော်ထင် (ဦးသန်းမောင်၊ ရှမ်းပြည်နယ်ပညာရေးမှူး-ဒေါ်သန်းခင်)တို့၏သား၊ ဦးမြင့်စိုး-ဒေါ်စိုးစိုးမြင့်၊ (ဦးမောင်မောင်)-ဒေါ်ခင်ရီသန်းတို့၏ ညီ/မောင်၊ ဦးမျိုးထွန်း (လ/ထညွှန်မှူး၊ သစ်တောစီမံး/စို)-ဒေါ်ဆွေဆွေသန်း၊ ဒေါက်တာအောင်သန့်ဇင်-ဒေါ်ညွှန့်ညွှန့်သန်း (အထက-၃၊ ပြည်မြို့)၊ ဦးဇော်ဝင်း-(ဒေါ်သန်းသန်းဆင့်)၊ ဦးသန့်ဇင်(ခ)ကိုတိုး-ဒေါ်နီလာဝင်းတို့၏အစ်ကို၊ တူ၊ တူမ ၁၇ ယောက်တို့၏ ဦးလေး၊ အမှတ်(၆၈/က)၊ (၆)လမ်း၊ အင်းစိန်မြို့သစ်နေ ဒေါ်ခင်မေလွင်၏ ခင်ပွန်း၊ မောင်နေမျိုးရှင်-မချိုစုစုကြည်၊ မချိုစုမင်းကြည်(B.A၊ မြန်မာ)၊ မောင်နေအောင်ချို(Final သမိုင်း)၊ မချိုနွေးနွေးကြည်(ပ/နှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မောင်သုတဇော်(မ-၁၂၊အင်းစိန်)တို့၏ ဖခင်၊ သဒ္ဒါမျိုးရှင်၊ ယသော်မျိုးရှင်တို့၏အဘိုးသည် ၉-၅-၂၀၀၄ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အင်းစိန် နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမကြီး

ဒေါ်ညွှန့်ရီ(၉၁)နှစ်

(ခနော်ဖြူ/ဟသ်ာတ)

ရန်ကုန်မြို့၊လသာမြို့နယ်၊ အမှတ်(၁၀၉)စဥ့်အိုးတန်းလမ်း၊ မြေညီထပ်နေ (ဦးမောင်ခင်)၏ဇနီး၊ခနော်ဖြူမြို့နေ ဦးတင်ဝင်း-(ဒေါ်ရှုကြည်)၊ ဟသ်ာတမြို့နေ ဦးဝင်းကျော်-ဒေါ်ခင်ဝင်း၊ ရန်ကုန်မြို့နေ ဦးချိန်ဟင်-ဒေါ်ခင်နှင်းမော်၊ (ဦးတင်အုန်း)-ဒေါ်နှင်းနှင်းအေး၊ ဦးတင်ဝင်း-ဒေါ်နီနီ၊ ဒေါက်တာကျော်သူရ-ဒေါ်ခင်ဦးမေတို့၏ မိခင်၊ မြေး၂၀ ယောက်၊ မြစ်၁၄ယောက်တို့၏ ဘွားဘွားကြီးသည် ၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၀၄ (တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉း၃၀နာရီ တွင်ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကင်ဗုက် (၇၈)နှစ်

(မော်လမြိုင်မြို့)

မော်လမြိုင်မြို့၊ အမှတ်(၁၄၇)၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်နေ (ဦးချိန်တီး-ဒေါ်လှ)တို့၏ သမီးကြီး၊ ဦးစိန်ဟော်(သီဟကွမ်းသီးပွဲရုံ)၏ ချစ်လှစွာသောဇနီး၊ ဦးငွေးအောင်-ဒေါ်ရင်ရင်စိန်၊ ဦးမြင့်ဦး-ဒေါ်ခင်ချိုဝင်း၊ ဦးချန်စိန်-ဒေါ်ရီရီစိန်၊ ဦးငွေးလွင်-ဒေါ်လွင်လွင်စိန်၊ ဦးသန်းအောင် - ဒေါ်ငွေးငွေးစိန်၊ ဒေါက်တာမောင်မောင်လွင်-ဒေါက်တာကြည်ကြည်စိန်၊ ဦးမိုးကျော်ဦးတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၃ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၉-၅-၂၀၀၄ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ်(၂၂-A)၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ် နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်ကင်ဗုက် (၇၈)နှစ်

(မော်လမြိုင်မြို့)

မော်လမြိုင်မြို့၊ အမှတ်(၁၄၇)၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်နေ (ဦးချိန်တီး-ဒေါ်လှ)တို့၏ သမီးကြီး၊ ဦးစိန်ဟော်(သီဟကွမ်းသီးပွဲရုံ)၏ ချစ်လှစွာသောဇနီး၊ မရည်မွန်အောင်၊ မရွှေရည်အောင်၊ မောင်အောင်ချိုဦး၊ မောင်ဝင်းသက်ဦး၊ မောင်သူရထွေး၊ မောင်လွင်ဦးနိုင်၊မဆုရည်နိုင်၊ မောင်မင်းသန့်၊ မလဲ့ရည်ဖွေး၊ မောင်ရဲထက်အောင်၊ မအိပွင့်ဖြူ၊ မသိမ့်မြတ်နိုး၊ မသုမြတ်နိုးတို့၏ ချစ်လှစွာသောအဘွားသည် ၉-၅-၂၀၀၄ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄ (အင်္ဂါနေ့)နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(22-A)၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမြေးများ။

ဦးမြင့်သိန်း(ခ)ဦးဟုတ်ကြူ

အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၄၃)နေ ဦးဝါရှိန် (ရွှေပန်းထိမ်ဆရာကြီး) - ဒေါ်ခင်နွယ်တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်း၊ အမှတ်(၃၄)နေ ဦးရွှေဝင်း-ဒေါ်သိန်းတို့၏သားသမက်၊ ဦးသူရ-ဒေါ်သန္တာရွှေ၊ ဦးမောင်မောင်စန်း-ဒေါ်သန်းသန်းအေးတို့၏ညီ၊ ကိုမြင့်ကြည်-မခင်ငြိမ်းချမ်း၊ ကိုစောနိုင်-မသက်ထိုက်မြတ်တို့၏အစ်ကို၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၄)နေ ဒေါ်အေးအေးမာ၏ခင်ပွန်း၊ မမိုးကြူကြူအေး၊ မခင်ကြူမွှေး၊ မဖြူဖြူဖွေးတို့၏ဖခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၇-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၉-၅-၂၀၀၄ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒုရဲအုပ်အောင်ငွေးမြင့်(၃၈)နှစ်

အပတ်စဉ်(၂၀)၊ ထူးကြီးရဲစခန်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်၊ (၅၁)ရပ်ကွက်၊ အမှတ်(၂၂၀)၊ ၆ အောင်သာဝတီလမ်း(ထားဝယ်ချောင်)နေ (ဦးရွှေဘ)-ဒေါ်လှကျင်၊ ထူးကြီးမြို့နေ ဦးရှိန်ဟန်တို့၏ မြေး၊ (အရာခံဗိုလ်လှဝင်း)-ဒေါ်အေးမြင့်တို့၏ သားကြီး၊ ဦးသိန်းဦး-ဒေါ်မြင့်ကြည်တို့၏ သားသမက်၊ မောင်ခင်မောင်မြင့်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊စက်မှု)၊ မောင်သန်းဇော်-မမာမာချို(အနုပညာဦးစီး/ငွေစာရင်း)တို့၏အစ်ကိုကြီး၊မောင်မင်းခန့်ကျော်၏ ဖခင်၊ (ဒေါ်စန္ဒာသင်း)၏ ခင်ပွန်းသည် ၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၀၄ရက်မွန်းလွဲ၁နာရီတွင် ဒဂုံမြို့သစ်မြောက်ပိုင်းသုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မင်္ဂလာဒုံမြို့နယ် သံဃနာယကဥက္ကဋ္ဌ(ဟောင်း)၊
မြို့နယ်သံဃနာယက ဩဝါဒါစရိယ
ကျိုက္ကလော့စေတီ၊ ကျိုက္ကလဲ့စေတီ၊ အောင်ချမ်းသာစေတီ
ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ

ဘဒ္ဒန္တ ကေတုမာလာ မဟာထေရ်မြတ်

သိက္ခာတော်(၇၄)ဝါ၊သက်တော်(၉၄)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်၊ သီတာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကေတုမာလာမဟာထေရ်မြတ်သည် (၁၃၆၆ ခု၊ ကဆုန်လပြည့်ကျော် ၂ရက်) ၅-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ၁၀း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်) ၉-၅-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်စံကျောင်းချပူဇော်ပြီး (၁၃၆၆ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်) ၁၅-၅-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ တေဇနိယ(သာသနဓဇဓမ္မာစရိယ)

သိက္ခာတော်(၅၀)၊ သက်တော်(၇၀)

မြစ်သားမြို့နယ်၊ ကသဲကုန်းကျေးရွာ၊ မင်းကုန်းကျောင်းတိုက်၊ ပဓာနနာယကဆရာတော် (ရပ်/ကျေး)သံဃနာယကဥက္ကဋ္ဌ(သာသနဓဇ ဓမ္မာစရိယ)၊ ရပ်/ကျေးသံဃနာယကဥက္ကဋ္ဌ၊ မြို့နယ်ဝိနည်းဓိုရ်နာယက၊ မြစ်သားမြို့နယ်လုံးဆိုင်ရာဘုန်းတော်ကြီးပညာသင်ကြားရေးဥက္ကဋ္ဌ၊ ပါဠိပထမပြန်စာမေးပွဲကြီးကြပ်ရေး ဥက္ကဋ္ဌ၊ ဝိနယဂရုက၊ လဇ္ဇီပေသလ သိက္ခာကာမနှင့် ပြည့်စုံတော်မူသော မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ တပ်ကုန်းကျေးရွာ မင်းကုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ တေဇနိယသည် (၁၃၆၆ခုနှစ်၊ကဆုန်လပြည့်ကျော် ၂ရက်)၊ ၅-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော်၁၂ရက်)၊ ၁၅-၅-၂၀၀၄ရက်တွင် ကြာကလပ်တင် စံကျောင်းချအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် သံဃာ၊ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ဈာပနကော်မတီ။

ရဟန်းဒါယိကာမကြီး

ဒေါ်ညွှန့်စိန် အသက်(၈၀)

(ကျိုက်ထို)

ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိတောရ ကျောင်းဦးဓမ္မိသာရ၏ ရဟန်းဒါယိကာမကြီး၊ မဒေါက်မြို့နေ ဒေါ်ညွှန့်ရီ၏ အစ်မ၊ ဦးစိုးမြင့်(မြန်မာ့မီးရထား)-ဒေါ်သန်းသန်းမြင့်၊ ဒေါ်အုန်းမြင့် (ကော့စံနိုင်ရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)၊ဒေါ်ဝင်းကြည် (လက်ဖက်အကြော်စုံဆိုင်)၊ဦးခင်ဝင်း (မြန်မာ့မီးရထား)-ဒေါ်တင်တင်နွဲ့၊ဦးသန်းဝင်း(မြန်မာ့မီးရထား) -ဒေါ်တင်တင်ဦး၊ ကိုစောခွန်ချို-မစန်းဝင်းတို့၏ မိခင်၊ မြေး ၁၂ယောက်တို့၏ အဘွား၊ ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက် ဘူတာလမ်းသွယ်(၂)လမ်းနေ (ဦးထွန်းမြိုင်-ရွှေပန်းထိမ်)၏ ဇနီး ဒေါ်ညွှန့်စိန်သည် ၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင်အေး(၅၄)နှစ်

Chief Officer CDC-3640
Hub Line
အထက(၁)ဒဂုံ
(ယခင်မက်သဒစ်ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ မာလာမြိုင်လမ်း၊ အမှတ်(၈)နေ ဒေါ်ခင်ခင်စိုး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုငြိမ်းချမ်းဇော်-မဝါဝါမင်း၊ ကိုတင်လင်းကို၊ ကိုအောင်သန်းဦး-မတင်ဇာဝင်း၊ မောင်သူရဝင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၉-၅-၂၀၀၄ရက်တွင် ရန်ကုန် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၀၄ ရက် ညနေ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင်အေး(၅၄)နှစ်

Chief Officer -C.D.C-3640
HUB LINE
ယခင်မက်သဒစ်
ကျောင်းသားဟောင်း(အထက-၁၊ဒဂုံ)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက် ဘောက်ထော်၊ မာလာမြိုင်လမ်း၊ အမှတ်(၈)နေ (ဦးမင်းကြည်)-ဒေါ်အုန်းရင်တို့၏ သားကြီး၊ (ဦးကိုကိုကြီး-ဒေါ်ထွေး)တို့၏ သားသမက်၊ ဒေါ်ခင်ခင်စိုး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်မိုးဟိန်း)-ဒေါ်နုနု၊ဦးအောင်မိုးမင်း-ဒေါ်မြမြစိန်၊ ဦးအောင်ဇော်မင်း၊ ဒေါ်မေသန်းနွယ်၊ဦးလှသမိန်-ဒေါ်အမာစိန်၊ ဒေါ်အေးအေးမင်း၊ ဦးထူးမင်း-ဒေါ်လဲ့လဲ့တို့၏ အစ်ကိုကြီးသည် ၉-၅-၂၀၀၄ ရက်တွင် ရန်ကုန် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၀၄ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယိကာမကြီး

ဒေါ်ခင်ခင် (၉၆)နှစ်

(ပျဉ်းမကန်ရွာ)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ အမှတ် ၁၀(ခ)၊ ဧဝကလမ်းနေ (ဦးစောလှိုင်-ဒေါ်စိန်းညွှန့်)တို့၏ သမီးကြီး၊ (ဦးစိန်ခို၊ ဦးစိန်ခိုနှင့်သားများ အကောက်ခွန် ရှင်းလင်းရေးကိုယ်စားလှယ် ကုမ္ပဏီပိုင်ရှင်)၏ဇနီး၊ [ဦးအောင်ဖေချ(ခ) ဦးသံချောင်း]၊ဒေါ်ယဉ်ယဉ်မြင့်- ဗိုလ်ကြီးမြင့်နောင်(ငြိမ်း) (၁-လမ်းထိပ်မှုကြိုအရှေ့ကြို့ကုန်း)၊ ဦးရဲထွဋ် (ညွှန်မှူး၊ငြိမ်း၊ အကြံပေးအရာရှိ၊ ပြည်တွင်းအခွန်)-ဒေါ်တင်တင်ရွှေ(ခ)မယု (ထားဝယ်)၊ ဒေါ်ခင်ဝင်းနွဲ့-တပ်ကြပ်ကြီး မြတ်ငြိမ်း၊ ဒေါ်ခင်သီရိ - ဦးတင်မောင်မောင် (နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီးသည် ၈-၅-၂၀၀၄ (စနေနေ့)တွင် ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (ဧဝကလမ်း နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မေဝင်း (၄၂)နှစ်

(သိန်းမင်း ငရုတ်ဆိုင်၊ မိတ္ထီလာဈေး)

မိတ္ထီလာမြို့၊ ပွဲစားတန်းနေ (ဦးပျော့-ဒေါ်စိန်မြ)တို့၏ သမီး၊ ဦးစိန်ရွှေ၊ ဦးစိန်ငွေတို့၏ တူမ၊ မခင်စော၊ မခင်ပေါ၊ (ကိုမောင်ငွေ)၊ ဒုတိယဗိုလ်မှူးကြီးမြသန်းထွန်း၊ မခင်ဝင်းကြည်၊ ကိုဝင်းဗိုလ်(ခ)ပဲကြီး၊ မခင်ဝင်းကြိုင်၊ ကိုမောင်မောင်၊ မခင်သိန်းကျော် (စိန်မြ ဆား၊ငါးပိ၊ ငံပြာရည်)တို့၏ချစ်လှစွာသောညီမ၊ ဦးစိုးတင့်၏ ဇနီး၊ မသန္တာစိုး (နောက်ဆုံးနှစ်၊ စိုက်ပျိုးရေး)၊ သားကြီးတို့၏ မိခင်သည် ၄-၅-၂၀၀၄ရက် ညနေ၇နာရီတွင် ကွယ်လွန်ပါ၍ ၅-၅-၂၀၀၄ရက် ညနေ ၄နာရီတွင် မိတ္ထီလာ၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူဆွေမျိုးတစ်စု။

ကိုအောင်နိုင်ဦး (၃၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၈)ရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ ကမ္ဘာအေးနေ ဦးတင့်ရွှေ-ဒေါ်တင်စန်းတို့၏ ချစ်လှစွာသောသားကြီး၊ချောင်းဆုံမြို့နယ်၊ ကညော်ရွာနေ ဦးမြင့်ဆွေ-ဒေါ်အုံးသန်းတို့၏ သားသမက်၊ မစန်းစန်းဝေ(မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)၊မအေးအေးမာတို့၏ အကိုကြီး၊ မဥမ္မာဆွေ(Myanmr Five Star Line, Container Service)၏ ချစ်လှစွာသော ခင်ပွန်း မောင်အောင်နိုင်ဦးသည် ၈-၅-၂၀၀၄ရက်တွင် နေအိမ်၌ကွယ်လွန်ပါ၍ ၁၀-၅-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

တောင်ငူမြို့ မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံဆင့်များ တင်လှူ



ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားတွင် ထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်စဉ် (အပေါ်ပုံ)နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားတွင် နောင်တော်ကြီး စေတီတော်အား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။ (ယာပုံ) (သတင်းစဉ်)

ရန်ကုန် မေ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ ပဲခူးတိုင်း တောင်ငူလေဆိပ်သို့ နံနက် ၈ နာရီတွင် ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံဆင့်နှင့် အရံစေတီတော်များ ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါစေတီဥ္စ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရွှေထီးတော်တင်လှူပူဇော်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ပဲခူးရိုးမတစ်လျှောက် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု မဖြစ်ပေါ်ရေး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့ ပေါင်းစပ်ဆောင်ရွက် ဒေသတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး စီမံချက်ချမှတ် အကောင်အထည်ဖော်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် ယနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့ရှိ တောင်ငူတက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးကျော်မြင့်ဦး၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ နည်းပြ/သရုပ်ပြများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●